# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၁၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို)၌ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




မြန်မာ့အလင်း

# ကယားပြည်နယ်၏ ပညာရေး ကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်မည်

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူတိုင်းပညာသင်ယူခွင့် အခွင့်အရေးမှာ မိမိတို့နိုင်ငံရှိ အကြမ်းဖက်သောင်းကျန်းသူတို့ ကြီးစိုးရာဒေသများတွင် ချိုးဖောက်ထိပါးမှုခံနေကြရကြောင်း သတင်းများသိရှိရသည်။ ကလေးများ ကျောင်းစတင်နေကြရတော့မည့်အရွယ်တွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ ကျောင်းစာသင်ကြားခြင်းနှင့် ကလေးများ ကျောင်းတက်ခြင်းတို့ကို ပိတ်ပင်တားဆီးမှု၊ အကြမ်းဖက်သတ်ဖြတ်မှုများ စသည်တို့ကြောင့် အသက်အရွယ်အားဖြင့် ရှစ်နှစ်ကျော် ကိုးနှစ်ခန့်ရောက်ရှိလာသည်အထိ စာတစ်လုံးမှ သင်ယူခွင့်မရသေးသော ကလေးသူငယ်မြောက်မြားစွာ ရှိနေသည်ဟုလည်း စိတ်မကောင်းဖွယ် ရာသိရှိရသည်။

ကယားပြည်နယ်တွင် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး ဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည့်အပြင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်၏ သုံးထပ်ပင်မဆောင်၊ နှစ်ထပ်ဘွဲ့နှင်းသဘင်ခန်းမ၊ နှစ်ထပ်စာသင်ကျောင်းများ၊ ရေသန့်စနစ်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ နှစ်ထပ် ဆရာ၊ ဆရာမများဆောင်၊ အရာရှိအိမ်ရာ၊ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာများ၊ လေးခန်းတွဲလေးထပ်၊ ရှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာများ၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့၏ နေအိမ်များ၊ နှစ်ထပ်ကျောင်းသားကျောင်းသူဆောင်များ၊ အားကစားရုံများ၊ အားကစားခန်းမ၊ နှစ်ထပ်စာကြည့်တိုက်များ၊ နှစ်ထပ်ကျောင်းသားကျောင်းသူ နားနေဆောင်တို့ ပျက်စီးခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်ကို လာရောက်တိုက်ခိုက်ရာတွင် ပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ပြုတိုက်ခိုက်ခြင်းတို့ကိုလည်း ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်ဖျက်ဆီးမှုကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ဖြေဆိုရမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ်စာမေးပွဲကို ကျင်းပနိုင်ခြင်းမရှိတော့ဘဲ လွိုင်ကော်တက္ကသိုလ်ကြီးကို ပိတ်ထားခဲ့ရသည်။ ယခုအခါ လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိလာပြီဖြစ်ရာ ဒေသခံများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး အထူးကိစ္စတစ်ရပ် အနေဖြင့် ဆောင်ရွက်သွားရန်ဟူသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လွိုင်ကော်တက္ကသိုလ်ကြီးကို အမြန်ဆုံးပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။

လွိုင်ကော်တက္ကသိုလ်သည် ကယားပြည်နယ် မြို့တော်လွိုင်ကော်၏ ပညာကျက်သရေဆောင်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ သားသမီးကျောင်းသားကျောင်းသူများ ဝိဇ္ဇာသိပ္ပံပညာရပ်များ သင်ယူဆည်းပူးရာ၊ နေ့သင်တန်းနှင့် အဝေးသင်သင်တန်း ကျောင်းသားကျောင်းသူများ ရိုးရိုးဘွဲ့မှသည် မဟာဘွဲ့သင်တန်းအထိ ပညာဆည်းပူးကြရာ တက္ကသိုလ်ကြီးဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်အတွက် လိုအပ်သော အသိပညာနှင့် အတတ်ပညာများ ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာ လွိုင်ကော်တက္ကသိုလ်ကြီး အမြန်ဆုံးပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရေးကို အထူးကိစ္စရပ်အနေဖြင့် အလေးထားဆောင်ရွက်နေပြီဖြစ်ရာ ဒေသတွင်းနေ ကျောင်းသားကျောင်းသူတို့၏ ပညာရေးအခွင့်အလမ်းများ ပြန်လည်ပွင့်လန်းလာတော့ပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**၂၂ · ၁ · ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေး ကော်မတီ

## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

၂၂ - ၁ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၁၂၄ | ၉၉၂၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၁၃၄၇ | ၄၁၉၀၃၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀ | ၁၉၀၀ | ၂၇ | ၅၁၃၀၀ |
| TMH | ၃၂၀၀ | ၃၂၀၀ | ၁၄၀၇ | ၄၅၀၂၄၀၀ |
| EFR | ၁၆၅၀ | ၁၅၀၀ | ၁၄၃၀ | ၂၃၅၉၅၀၀ |
| AMATA | ၄၁၀၀ | ၄၁၀၀ | ၁၂ | ၄၉၂၀၀ |
| MAEX | ၃၂၅၀ | ၃၂၀၀ | ၄၉ | ၁၅၈၁၅၀ |
| MADPL (PLB) | ၃၀၅၀ | ၃၀၅၀ | ၀ | ၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားစဉ်။

❖ ရွှေဖုံးမှ

ဦးစွာ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက တပ်သမိုင်း အကျဉ်း၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးရာ၌ စာပေပိုင်းဆိုင်ရာများကို အမှန်တကယ်သိရှိနားလည်မှုရှိအောင် သင်ကြားပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့လေ့ကျင့်မှုများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ကွဲခိုင်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် အသက်အရွယ် အဆင့်အလိုက် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများအတိုင်း ပြည့်မီအောင်လေ့ကျင့်ပေးရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့နယ်ပယ်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**❑ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်**

**❝ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြားပို့ချပေးသွားရန်လို၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့နယ်ပယ်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့်မွေးထုတ်ပေးနိုင်ရမည်❞**

**စာသင်ခန်းမများ လိုက်လံကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းကျောင်းရှိ ပြခန်းများနှင့် စာသင်ခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးဌာန၌ သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ယနေ့ခေတ်တွင် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် အဆက်မပြတ် တိုးတက်လျက်ရှိကြောင်း၊ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒအတိုင်း စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း။

**သင်ခန်းစာဖော်ထုတ်သွားရန်လို**

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားခြင်းသည် လုပ်ငန်းတစ်ခုကျွမ်းကျင်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ဖတ်ရှုလေ့လာမှတ်သားထားမှုများနှင့် အတွေ့အကြုံများကို အပြန်အလှန်ဆက်စပ်နှိုင်းယှဉ်၍ သင်ခန်းစာဖော်ထုတ်သွားရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ အုပ်ချုပ်သူများအနေဖြင့် မိမိတို့ကွပ်ကဲနေရသူများကို စနစ်တကျကွပ်ကဲကြပ်မတ်နေရန် လိုသကဲ့သို့ ၎င်းတို့၏ သက်သာချောင်ချိရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ပြီး လက်အောက်၏ လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရေး

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း။

**ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိ**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်မတော်သား မိသားစုဝင်သားသမီးများ၏ ပညာရေးကို အမြဲမပြတ်အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း။

သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှုရှိသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် မလိုလားအပ်သည့် အသောက်အစားအပျော်အပါးများကို လျှော့ချခြင်းဖြင့်လည်း ငွေကြေးကုန်ကျမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကာ သက်သာချောင်ချိမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးမှ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လက်အောက်မှလည်း စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း။

တပ်မတော်သားများသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ရှေ့တန်းစစ်မြေပြင်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်လျက်ရှိသကဲ့သို့ မိသားစုများအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာတပ်များအလိုက် လိုက်လံနေထိုင်၍ ပါရမီဖြည့်လျက်ရှိကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သဖြင့် အများသူငှာ လုပ်ဆောင်နိုင်ရန်ခက်ခဲသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ ဘဝကိုဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း။

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသည့် စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့ တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီတွင် စာမေးပွဲဖြေဆိုသည့်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင်လည်း လူငယ်နှင့်ပတ်သက်သည့်သင်တန်းများ၊ အမျိုးသားရေးစရိုက်လက္ခဏာကို တိုးမြှင့်လာစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့် သင်တန်းများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❍ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်၊ ယခုထက်ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ ရုပ်သံထုတ်လွှင့်မှုများကို တိုးတက်အောင်ဆောင်ရွက်၊ ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာ**

**စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**နေ့လယ်စာကို အတူတကွသုံးဆောင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) တပ်မှူး က တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ နေ့စဉ်ပြည်တွင်း၊ ပြည်ပသတင်းများ အပါအဝင် အခြားသောဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခြားပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ ထုတ်လွှင့်နေမှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့ ရုပ်သံထုတ်လွှင့်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး မိမိတို့ ရုပ်သံထုတ်လွှင့်မှုများ တိုးတက်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ စာမျက်နှာ ၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို) ၌ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

လုပ်ငန်းများ ဆောင်ရွက်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထုတ်လွှင့်သည့် အစီအစဉ်များသည် လူအများ စိတ်ဝင်စားသည့် အစီအစဉ်များဖြစ်ရန် လိုကြောင်း၊ လူကြီး၊ လူငယ်များ အသက်အရွယ်အလိုက် ကြိုက်နှစ်သက်သည့် အစီအစဉ်များ၊ တေးသီချင်းများ ထုတ်လွှင့်နိုင်ရန်လိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေး လုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ **"ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်"** ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန် ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင်ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးအသိပညာပေးခြင်းသည်လည်း အရေးကြီးသဖြင့် ကျန်းမာရေးအသိပညာပေး အစီအစဉ်များကို အလေးထားထုတ်လွှင့်ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး သာမန်အားဖြင့် နားလည်နိုင်သည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ပညာပေး အစီအစဉ်များကိုလည်း လူအများနားလည်အောင် ရိုက်ကူးထုတ်လွှင့်ပေးရန်လိုကြောင်း၊ ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်အတွက် အသေးစိတ်မှအစ တစ်ခုချင်းစီအား စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) အတွင်း လှည့်လည်၍ ကျန်းမာရေးအသိပညာပေး အစီအစဉ်သရုပ်ပြ ရိုက်ကူးမှု၊ သတင်းဖတ်ကြားထုတ်လွှင့်မှု သရုပ်ပြ ရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

**အမြဲတမ်းလေ့လာဆောင်ရွက်**

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များအနေဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ ယခုထက် ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ ရုပ်သံထုတ်လွှင့်မှုများကို တိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာဆောင်ရွက်နေရန်လိုကြောင်း။

**တိုးတက်ဖွံ့ဖြိုးမှုကိုလိုလား**

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းသည် တိုးတက်ဖွံ့ဖြိုးမှုကိုလိုလားကြပြီး အမြဲမပြတ် ကြိုးစားအားထုတ်၍ ရှေ့သို့ချီတက်နေကြကြောင်း၊ မိမိတို့အနေဖြင့်လည်း "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဟူသည့်ဆောင်ပုဒ်အတိုင်း တစ်ဦးချင်း၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုများနှင့် လေ့လာမှုများကို အမြဲမပြတ်ဆောင်ရွက်ခြင်း၊ မိမိလုပ်ဆောင်ထားသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်၍ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့် လုပ်ငန်းများတိုးတက်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့လာခြင်းကို အသားကျဖြစ်စေရေး အလေ့အကျင့်ပြုလုပ်နေရန်လိုပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် အတတ်ပညာများကို အမီလိုက်နိုင်ရေး ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

**အကျယ်တဝင့် ရှင်းလင်းမှာကြား**

ရုပ်မြင်သံကြား ထုတ်လွှင့်ရေးလုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး အသိအမြင်ကောင်းများ၊ အများပြည်သူသိရှိရန် လိုအပ်သည်များကို ထုတ်လွှင့်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများကို အမြဲမပြတ်လေ့လာဖတ်ရှု၍ ပြန်လည်ဝေမျှခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်မြင်သံကြား ထုတ်လွှင့်ရာတွင် အသံနှင့်အရုပ်နှစ်မျိုးရှိကြောင်း၊ အသံနှင့်ပတ်သက်၍ အသံများမှန်ရန်လိုသကဲ့သို့ ရုပ်အနေအထားသည်လည်း တည်ကြည်သည့် အနေအထားတွင်ရှိရန်နှင့် ပျော့ပျောင်းသည့် အနေအထားရှိစေရေး သတိထားရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် သွားလာနေထိုင်မှုများလည်း ရှိရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသည့် လုပ်ငန်းရပ်များအလိုက် မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်၍ရနိုင်မည်ကို ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရပ်ကြီးတစ်ခုလုံး တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားပြီး တပ်တည်ဆောက်ရေး လုပ်ငန်းရပ်များဖြစ်သည့် "လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်" တို့နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

**စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ (၁ / ၂၀၂၅ ) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁ / ၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။ (ယာပုံ)



**တက်ရောက်**

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကား ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (၁/ ၂၀၂၅) ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၂**

ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ရာ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ လမ်းပြမြေပုံပါ မိမိတို့လုပ်ငန်းကော်မတီနှင့်သက်ဆိုင်သည့် မဟာဗျူဟာမဏ္ဍိုင်များအလိုက် မဟာဗျူဟာပန်းတိုင်များပြည့်မီစေရေးအတွက် လုပ်ငန်းစဉ်များကို သတ်မှတ်ကာလများအတွင်း အောင်မြင်ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာအပါအဝင် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်တီထွင်မှုများမှ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒစ်ဂျစ်တယ် အတတ်ပညာများ မြှင့်တင်ရေးတို့မှသည် ဦးစားပေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်လာစေပြီး ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို လွှမ်းခြုံဖော်ဆောင်ပေးနိုင်မည့် ဒစ်ဂျစ်တယ် လူ့အဖွဲ့အစည်းအဖြစ် ဖြစ်ထွန်းလာစေရေး အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့မှ ဒစ်ဂျစ်တယ်နည်းပညာနှင့် သက်ဆိုင်သူများအားလုံး ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာများ၊ ပြင်ပအဖွဲ့အစည်းများ ဖြစ်ကြသော UMFCCI ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ Myanmar Digital Economy Association တို့မှ တာဝန်ရှိသူများက လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန်အချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်း (၁၀)စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင် သုတေသနစာတမ်းများကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)တို့မှ ကထိကများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ သားဖွား၊ မီးယပ်အထူးကုဆရာဝန်၊ တပ်မတော်ဆေးတက္ကသိုလ်မှ အထွေထွေသမားတော်နှင့် ဘွဲ့လွန်သင်တန်းသူများ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများက ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။




မွန်းလွဲပိုင်းတွင် လူမှုဘဝနေထိုင်မှုနှင့် အစာအာဟာရစားသောက်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အတူ မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုတိုးတက်များပြားလာသောကြောင့် ယင်းအပြုအမူများကို ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝတိုးတက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝမြှင့်တင်စေရန် ဆောင်ရွက်ခြင်း- "Promoting a Healthy Lifestyle Addressing Health Risk Behaviors" ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာ ရဲတင့်လွင်က "အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ၊ လေ့ကျင့်ခန်းသည် ဆေးဖြစ်သည်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ သီတာဝင်းက "မြန်မာနိုင်ငံအတွင်း ဆေးရွက်ကြီးထိန်းချုပ်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွန့်ဦးက "လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် HIV ရောဂါကိုကာကွယ်ခြင်းဖြင့် ကျန်းမာရေးကို ထိန်းသိမ်းခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) (ရန်ကုန်) တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးကျော်သူက "ကျန်းမာရေး ထိခိုက်စေသော အပြုအမူများကို ဖြေရှင်းနိုင်သော လူနေမှုပုံစံများအား စိတ်ကျန်းမာရေးရှုထောင့်မှ တင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြေးမုံထွေးက "အာဟာရသည် ကလေးဘဝမှ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို မည်ကဲ့သို့ထောက်ပံ့ပေးပြီး အန္တရာယ်ရှိသော အပြုအမူများကို မည်ကဲ့သို့ ကာကွယ်ပေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများ၌ ကျောင်းသုံးစာအုပ်များရိုက်နှိပ်နေမှု ကြည့်ရှုစစ်ဆေး

## ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းဒေသရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံများ၌ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ဂျီတီစီပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အောင်ဆန်းဒေသရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံနှင့် စာပေဗိမာန်ပုံနှိပ်စက်ရုံတို့မှ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သိရှိနားလည်ရန်လိုအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန် အပ်နှံထားသည့် ကျောင်းသုံးစာအုပ်များအပြင် ဝန်ကြီးဌာနအသီးသီးကလည်း ပုံနှိပ်ရန် အမှာစာများ ရရှိထားပြီးဖြစ်သဖြင့် လုပ်ငန်းများအားလုံး သတ်မှတ်ထားသည့်အချိန် ပြီးစီးရန်လိုအပ်ကြောင်း၊ လုပ်ငန်းခွင်တွင် အခက်အခဲစိန်ခေါ်မှုများရှိပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ နားလည်မှု၊ ယုံကြည်မှုတို့ဖြင့် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် ယနေ့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို သိရှိနားလည်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဂျီတီစီပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် စာပေဗိမာန်ပုံနှိပ်စက်ရုံဝင်းများအတွင်း ကျောင်းသုံးစာအုပ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ လက်ကမ်းစာစောင်များ ပုံနှိပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းဒေသရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ပုံနှိပ်စက်ရုံတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရန် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ယမန်နှစ်က ကျင်းပခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအပေါ် အတွေ့အကြုံများ ရယူပြီး ယခုနှစ်ကျင်းပမည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေသည်ကိုတွေ့ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း။

**အကြံပြုဝိုင်းဝန်းဆွေးနွေး**

အခမ်းအနားသို့ ပြည်သူချစ် သက်ကြီးအနုပညာရှင်များကို တက်ရောက်နိုင်ရန် ဖိတ်ကြားထားသည့်အတွက် ၎င်းတို့၏ သွားလာရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး ကိစ္စများကို ကူညီဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း၊ အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များကို အကြံပြုဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# SME နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သောငွေကြေး ထောက်ပံ့မှုများကို ကူညီပံ့ပိုးပေးနိုင်ရန် SME နှစ်ဆင့်ချေးငွေ စီမံကိန်းအဆင့် - ၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နှစ်ဆင့်ချေးငွေ စီမံကိန်းအဆင့် - ၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။





အဆိုပါ SME နှစ်ဆင့်ချေးငွေ စီမံကိန်းတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေး လုပ်ငန်းအဖွဲ့ (Working Committee) (၁/၂၀၂၅) အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က စီမံကိန်းအဆင့် - ၁ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ်ခြောက်ဘဏ်မှတစ်ဆင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ SME လုပ်ငန်းရှင် ၆၆၃ ဦးသို့ ချေးငွေကျပ် ၁၅၇ ဒသမ ၂၄၃ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း၊ စီမံကိန်းအဆင့်-၂ တွင် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ SME လုပ်ငန်းရှင် ၁၉၃၆ ဦးသို့ ချေးငွေကျပ် ၃၈၇ ဒသမ ၅၄၃ ဘီလီယံ ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း။

လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ယနေ့ဆွေးနွေးသည့် အချက်အလက်များအပေါ် မူတည်၍ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်အကျုံးဝင်သည့် SME လုပ်ငန်းများထံသို့ အတိုးနှုန်းသက်သာသည့် SME နှစ်ဆင့်ချေးငွေများ ရောက်ရှိစေရေးနှင့် ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း၊ ယခုစီမံကိန်းသည် အောင်မြင်သည့် စီမံကိန်းတစ်ခုဖြစ်သည့်အပြင် SME လုပ်ငန်းများအတွက်လည်း များစွာအကျိုးကျေးဇူး ဖြစ်ထွန်းပါကြောင်း၊ နိုင်ငံတော်မှ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေချိန် ရည်ရွယ်ချက်နှင့်ကိုက်ညီသည့် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ ချေးငွေများကို ပြန်လည် ပေးဆပ်သည့်အချိန်တွင် အပြည့်အဝ ပြန်လည်ရရှိရန် လိုအပ်ကြောင်း၊ ချေးငွေအသစ်များကို ထုတ်ချေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများ၊ မူဝါဒများနှင့် ကိုက်ညီစေရန် စနစ်တကျ စိစစ်ထုတ်ချေးရန်လိုအပ်ကြောင်း။

ထို့အတူ ရန်ပုံငွေစီမံခန့်ခွဲခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း လုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်နေကြသည့် ငွေတိုက်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ် (စီမံကိန်းကြီးကြပ်မှုအဖွဲ့) နှင့် လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက SME နှစ်ဆင့်ချေးငွေ စည်းမျဉ်း/စည်းကမ်းများ၊ နိုင်ငံတော်မှ ချမှတ်ထားသည့် ဦးစားပေးကဏ္ဍများ၊ ကိုက်ညီသည့် SME လုပ်ငန်းများသို့ တိုးမြှင့်ထုတ်ချေးနိုင်ရေးနှင့် ပိုမိုထိရောက်စွာ သုံးစွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်**

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (United Nations Office for the Coordination of Humanitarian Affairs–UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အကူအညီလိုအပ်လျက်ရှိသော ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အဆင်ပြေချောမွေ့စွာ ပေးအပ်နိုင်ရေး၊ ထိုသို့ ပေးအပ်ရာတွင် အစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ နားလည်မှုရှိစွာ အတူတကွ ပူးပေါင်းဆောင်ရွက်ရေးနှင့် ၂၀၂၅ ခုနှစ်၌ ဆက်လက်ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုနှင့် လုပ်ငန်းစဉ်များ တိုးချဲ့နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)၌ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး တွေ့ဆုံမိတ်ဆက်ပွဲအခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (ပုသိမ်)၌ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သင်တန်းကျောင်းကထိက ဒေါ်ထက်ထက်မြတ်လွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပို့ချသည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယနှစ် သင်တန်းသား သုံးဦးက သင်တန်းပို့ချသည့် ဘာသာရပ် အကျိုးကျေးဇူးများအလိုက် သင်ခန်းစာများမှရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာခြင်းလုံးအားကစားရွှေတံဆိပ် တစ်ဆု၊ ငွေတံဆိပ်နှစ်ဆု ရရှိခဲ့သော ဒုတိယနှစ်သင်တန်းသူ မမှုံနံ့သာအား ဂုဏ်ပြုဆုချီးမြှင့်ပေးသည်။



ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ကုမ္ပဏီနှင့် ဘဏ်တာဝန်ခံများက အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လဲချား-ဆီကုန်း-ဝမ်ဝေါင်-နားမန်း-ဟတ်လိလမ်း ကျောက်ချောလမ်း လမ်းခင်းခြင်းလုပ်ငန်း တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**လဲချား ဇန်နဝါရီ ၂၂**

လဲချားမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လဲချား–ဆီကုန်း–ဝမ်ဝေါင်–နားမန်း–ဟတ်လိလမ်း ကျောက်လမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (နေပြည်တော်– ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဝင်းကျော်မျိုး၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးဝင်းနှင့် တာဝန်ရှိသူများသည် လဲချား–ဆီကုန်း – ဝမ်ဝေါင် – နားမန်း – ဟတ်လိလမ်းအား မြေမှ ကျောက်လမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း လမ်းအရှည် ၆ ဖာလုံ၊ အကျယ် ၁၆ ပေ ၊ ၁၄ လက်မထုရှိ ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လွိုင်လင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်သက်နိုင်က သတ်မှတ်ထားသောလမ်းဒီဇိုင်းများ၏ စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ချိုထွေး(လဲချား)**

## တောင်ငူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မွေးမြူရေးပညာပေးဆွေးနွေးပွဲကျင်းပ

**တောင်ငူ ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းဗိုလ် ဦးဆောင်၍ တောင်ငူခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ တောင်ငူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာဝင်းဗိုလ်၊ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ တောင်ငူခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေစိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က တောင်ငူမြို့နယ်အတွင်းရှိ ချောင်းဖြူကျေးရွာ၊ နေပူကုန်းကျေးရွာ၊ ငါးဖယ်အင်းကျေးရွာနှင့် ခပေါင်းတိန်ကျေးရွာများသို့ သွားရောက်၍ ကျေးရွာနေပြည်သူများ၊ မွေးမြူသူတောင်သူများအား မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးရေးနှင့် အရင်းအနှီးသွင်းအားစုရရှိရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်းနှင့် တောင်ငူခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာများသို့ မွေးမြူရေးပညာပေး ဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



## ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထားသောပစ္စည်းများ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်

**သာစည် ဇန်နဝါရီ ၂၂**

ပြည်တွင်းပြည်ပ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရထံ ပေးပို့လှူဒါန်းထားသည့် ပစ္စည်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သာစည်မြို့နယ် ရေဘေးသင့်ပြည်သူများထံ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက မိတ္ထီလာခရိုင် သာစည်မြို့နယ်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ တက်ရောက်ပေးအပ်သည်။



ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထားသောပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံ ပေးအပ်သည်။ ပေးအပ်ပွဲတွင် ဆန်၊ ရေ၊ ရိက္ခာနှင့် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ရေဘေးသင့်ပြည်သူများကိုယ်စား ညောင်ရမ်းဈေးကျေးရွာအုပ်စုမှ ဦးအောင်စိုးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဆဋ္ဌသင်္ဂါယနာတင် ဋီကာကျမ်းစာအုပ် ၂၆ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာလုံးအရေအတွက်နှင့် စာမျက်နှာပြောင်းလဲမှုမရှိစေဘဲ ကွန်ပျူတာစာစီမှုဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

**ဆဋ္ဌသင်္ဂါယနာတင် ဋီကာကျမ်းစာအုပ် ၂၆ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာလုံးအရေအတွက်နှင့် စာမျက်နှာပြောင်းလဲမှုမရှိစေဘဲ ကွန်ပျူတာစာစီမှုဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ၊ လုပ်ငန်းကော်မတီ အဖွဲ့ဥက္ကဋ္ဌဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကုမာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကေသရနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီးများက ဋီကာကျမ်းစာအုပ်များကို ကွန်ပျူတာစာမူဖြင့် ဆောင်ရွက်ရာတွင် ဆဋ္ဌသင်္ဂါယနာတင် ဋီကာ ၂၆ အုပ်ကို ဦးစွာကွန်ပျူတာစာမူဖြင့် ဆောင်ရွက်သွားရန်နှင့် ကွန်ပျူတာစာစီမှု ဋီကာစာအုပ်များကို စိစစ်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာတက္ကသိုလ်၊ စာသင်တိုက်ကြီးများသို့ အမြန်ပေးပို့သွားရန်လိုအပ်ကြောင်း၊ သာသနာအတွက် အကျိုးများသော လုပ်ငန်းဖြစ်သဖြင့် ဆရာတော်များအနေဖြင့် စိတ်ရောကိုယ်ပါ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိန့်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များအား ရိုက်နှိပ်ပြီးသော အဋ္ဌကထာစာအုပ် ၂၇ အုပ်နှင့် သဗ္ဗဇေယျမင်္ဂလာပရိတ်တော် ကွန်ပျူတာစာမူများကို ရှင်းလင်းပြသပြီး ဆရာတော်ကြီးများ၏ မိန့်ကြားချက်များအပေါ် ပြန်လည်ရှင်းလင်း လျှောက်ထားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ ဩဝါဒခံယူပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒထံမှ Naypyitaw State Academy မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် Naypyitaw State Academy စုပေါင်းခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က ဘာသာရေးဆိုင်ရာနှင့် အထွေထွေဗဟုသုတများကို ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းလျှောက်ထားကြရာ ဆရာတော်က ပြန်လည်ရှင်းလင်းဖြေကြားပြီး Naypyitaw State Academy သို့ ဘာသာရပ်ဆိုင်ရာ စာအုပ်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒလမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကန် (တောင်) ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဒက္ခိဏာရာမကျောင်းတိုက်ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၅၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဘော်ကျေးရွာရှိ မေတ္တာစွမ်းရည် ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၂၇၈ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာနယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# မင်းလှမြို့၌ အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ

**အထက်မင်းလှ ဇန်နဝါရီ ၂၂**

မင်းလှမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက အသက်တစ်နှစ်မှ ငါးနှစ်အတွင်းရှိ ကလေးငယ်များအား Big Catch–UP နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယမန်နေ့နံနက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ရပ်ကွက်၊ ကျေးရွာများ၌ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်တစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများအနက် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသော ကလေးငယ်များနှင့် ကာကွယ်ဆေးတစ်ကြိမ်မျှ မရရှိသေးသည့် ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက် – ဂျိုက်သိုးရောဂါ ကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးတို့ကို ထိုးနှံတိုက်ကျွေးပေးခြင်းဖြစ်သည်။ **ဇာဇာ(အထက်မင်းလှ)**

# ဆိုရှယ်မီဒီယာ ပလက်ဖောင်းဆိုင်ရာ မလေးရှားနိုင်ငံ၏ ၂၀၂၅ ခုနှစ် မူဝါဒကိုလေ့လာခြင်း

ဇေလက်ျာ

**ထိပ်တန်း စီအီးအိုများ၏ ကြားနာပွဲ**

၂၀၂၄ ခုနှစ်ကို နှုတ်ဆက်၍ ၂၀၂၅ ခုနှစ်သို့ ရောက်ခဲ့ပြီ။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိတ်ဝင်စားဖွယ်ရာ သတင်းအဖြစ်အပျက်များစွာရှိခဲ့သည့်အနက် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများနှင့် စပ်လျဉ်းသည့် သတင်းအဖြစ်အပျက်များကလည်း စိတ်ဝင်စားဖွယ် ဖြစ်ခဲ့သည်။ ယင်းသတင်းအဖြစ်အပျက်များထဲမှ တစ်ခုအဖြစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမေရိကန် အထက်လွှတ်တော် တရားစီရင်ရေးကော်မတီ ကြားနာပွဲ သတင်းက ကမ္ဘာ့သတင်းမီဒီယာများတွင် နေရာယူမြင်တွေ့ခဲ့ရသည်။

ယင်းကြားနာပွဲတွင် ကမ္ဘာ့လူသုံးအများဆုံး ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှ စီအီးအိုများ ကိုယ်တိုင် ကလေးသူငယ်များ၏ အွန်လိုင်း ဘေးကင်းလုံခြုံရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး သက်သေထွက်ဆိုခဲ့ကြရသည်။ အွန်လိုင်းမှ ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်းနှင့်စပ်လျဉ်း၍ Facebook, Instagram,






Threads နှင့် WhatsApp တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta ၏ CEO Mark Zuckerberg အပါအဝင် Discord၊ Snap၊ TikTok နှင့် X (ယခင် Twitter)စသည့် ဒစ်ဂျစ်တယ်ဆိုရှယ်မီဒီယာ ပလက်ဖောင်းများ ဝန်ဆောင်မှုပေးသည့် နည်းပညာကုမ္ပဏီကြီးများမှ CEO များ တစုတစည်းတည်း အမေရိကန်ကွန်ဂရက်လွှတ်တော်ရှေ့တွင် ပထမဦးဆုံးအကြိမ် ကြားနာစစ်ဆေးခဲ့ခြင်းလည်း ဖြစ်သည်။

အထက်လွှတ်တော် တရားစီရင်ရေးကော်မတီ၏ ကြားနာစစ်ဆေးမှုအတွင်း အထက်လွှတ်တော်အမတ်များက အဆိုပါဆိုရှယ်မီဒီယာပလက်ဖောင်းများသည် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုများအား အွန်လိုင်းတွင် ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေရေး အထောက်အကူပြုလျက်ရှိနေကြောင်း၊ ယင်းတို့၏ Algorithm အသုံးပြုသည့် Content ဦးစားပေးဖော်ပြမှုနှင့် ကြော်ငြာထည့်သွင်းမှု ပုံစံများအပါအဝင် စီးပွားရှာသည့် ပုံသဏ္ဌာန်များသည် အလွန်အကျူးစွဲလမ်းစေသည့် Addictive features များ၊ သေကြောင်းကြံစည်ခြင်းနှင့် နေထိုင်စားသောက်မှု မူမမှန်ခြင်း (Suicide and eating disorders) များ၊ လက်တွေ့မကျသော အလှတရားစံနှုန်းများ (Unrealistic beauty standards) နှင့် ဆိုက်ဘာအနိုင်ကျင့်မှု (Cyber Bullying) များ စသည့်မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများကို အသက်မပြည့်သေးသည့် ကလေးသူငယ်များအပါအဝင် အသုံးပြုသူ လူငယ်များက ထိခိုက်ခံစားရစေလျက်ရှိကြောင်းနှင့် ယင်းအပေါ်တွင် ဆိုရှယ်မီဒီယာပလက်ဖောင်းကုမ္ပဏီများက အသုံးပြုသူများအား ထိထိရောက်ရောက် အကာအကွယ်ပေးသည့် အစီအမံများမရှိဘဲ ငွေရှာဖို့သက်သက်သာ လုပ်ဆောင်လျက်ရှိကြောင်း လွှတ်တော်အမတ်များက ပြောကြားခဲ့သည်။ ယင်းကြားနာပွဲသို့ လွှတ်တော်အမတ်များ၊ မီဒီယာများနှင့်အတူ ထိခိုက်ခံစားခဲ့ရသည့် (အချို့အသက် သေဆုံးခဲ့ရသည့်) ကလေးများ၏မိဘများကိုယ်တိုင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။

ကြားနာမှုအတွင်း Meta CEO Mark Zuckerberg နှင့် အခြား CEO များသည် အသက်မပြည့်သေးသည့် ကလေးငယ်များ ခေါင်းပုံဖြတ်အသုံးချခံရခြင်းနှင့် အန္တရာယ်ရှိသည့် ရေးသားဖော်ပြချက်များမှ ကာကွယ်ပေးရန် ၎င်းတို့ကုမ္ပဏီများ၏ အစီအမံနှင့် အားထုတ်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြင်းထန်သည့် မေးခွန်းများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများပေါ်တွင် ဖော်ပြချက်များကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ကလေးများ၏ အတွေ့အကြုံများကို သက်ဆိုင်ရာ ကလေးငယ်များနှင့် မိဘများထံမှ မှတ်တမ်းတင်ထားသော သက်သေခံချက်ဖြင့် စတင်ကြားနာခဲ့ပြီး အဆိုပါကိစ္စရပ်များ၏ လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုကို မီးမောင်းထိုးပြခဲ့သည်။

အွန်လိုင်းစွဲလမ်းမှုကြောင့် ပညာရေးထိခိုက်မှုမှသည် မိမိကိုယ်ကို သေကြောင်းကြံစည်ပြီး အသက်သေဆုံးသည်အထိ ဖြစ်ခဲ့ရသည့် ကလေးများ၏ ထိခိုက်နစ်နာမှုများအတွက် ဆိုရှယ်မီဒီယာပလက်ဖောင်းပိုင်ရှင် ဘီလျံနာများထံမှ လုံလောက်သည့် စာနာမှုကို ရှာဖွေနိုင်ရန် ကြိုးပမ်းမှုကို ၂၀၂၄ ခုနှစ်ကန့်လန့်ကာအဖွင့်မှာ မြင်တွေ့ခဲ့ရခြင်းပင်ဖြစ်သည်။

**ကျင့်ဝတ်မဲ့ စီးပွားရေးကို ဥပဒေနှင့် ထိန်းကျောင်းရန်လိုအပ်**

၂၁ ရာစု၏ ထုတ်ကုန်တစ်ခုဖြစ်သည့် ဉာဏ်ရည်တု(AI)နည်းပညာများနှင့် ပေါင်းစပ်ခဲ့ပြီးနောက်တွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများသည် ပိုမိုကြီးမားပြင်းထန်လာခဲ့သည်။ Deep Fake နည်းပညာကို အလွယ်တကူ လက်လှမ်းမီအသုံးပြုလာနိုင်မှုများကြောင့် သတင်းတု၊ သတင်းမှားနှင့် လုပ်ကြံဖန်တီးထားသည့် သတင်းများဖြန့်ဝေမှု၊ အမုန်းစကားဖြန့်ဝေမှုများမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း မလိုလားအပ်သည့် ထိခိုက်နစ်နာစေမှုများ (Negative Externalities)ပိုတိုးလာစေခဲ့သည်။

ဆိုရှယ်မီဒီယာ ပလက်ဖောင်းများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အထောက်အကူပြုသည့် ကိရိယာများအဖြစ် တွင်တွင်ပြောဆိုလျက်ရှိသော်လည်း တစ်ဖက်တွင် ကျင့်ဝတ်မဲ့စွာ စီးပွားရှာသည့် စားကျက်ကြီးတစ်ခုအဖြစ် မြင်တွေ့လာရသည်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းပိုင်ရှင်များက နေ့ချင်းညချင်း ဘီလျံနာများအဖြစ် ကြီးပွားလာသည့် အခြားတစ်ဖက်တွင် အကြမ်းဖက်သမားများနှင့် မသမာသူများက ဆိုရှယ်မီဒီယာ ပလက်ဖောင်းများကို ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေးလိုဘများအတွက် တလွဲအသုံးချလျက်ရှိသည့် အခြေအနေများကို တားဆီးဟန့်တားရန် ပျက်ကွက်ခဲ့သည်။

ယင်းကြောင့်ပင် ကမ္ဘာ့နိုင်ငံဒေသအသီးသီးတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ အပြုသဘောမဆောင်သည့် အကျိုးဆက်များမှ ရုန်းထွက်နိုင်ရေး အထူးသဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများကဲ့သို့ ထိခိုက်လွယ်သည့် အုပ်စုဝင်များအတွက် ဆိုရှယ်မီဒီယာအသုံးပြုမှု ဘေးကင်းလုံခြုံရေးကို သက်ဆိုင်ရာ နိုင်ငံအလိုက် ဥပဒေပြုသူများနှင့် တာဝန်ရှိသူများက အလေးပေး လုပ်ဆောင်လာခဲ့ကြသည်။ မလေးရှားနိုင်ငံတွင်လည်း ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ ဝန်ဆောင်မှုများအား နိုင်ငံတွင်းလိုအပ်ချက်များနှင့် အညီဖြစ်စေရေးအတွက် အင်တာနက် အသုံးပြုသူများထံမှ စစ်တမ်းကောက်ယူရရှိမှုများအပေါ် အခြေခံ၍ လိုအပ်သည့် စည်းမျဉ်းဥပဒေများကို မလေးရှားဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာ ကော်မရှင် (MCMC) က ရေးဆွဲပြဋ္ဌာန်းခဲ့သည်။



ဆိုရှယ်မီဒီယာ ပလက်ဖောင်းများ အပါအဝင် နည်းပညာ ကုမ္ပဏီကြီးများ အနေဖြင့် မလေးရှားနိုင်ငံ ဥပဒေများကို လိုက်နာဖို့ လိုကြောင်း မလေးရှား ဆက်သွယ်ရေးဝန်ကြီး Fahmi Fadzil ပြောကြားနေစဉ်။

**မလေးရှားနိုင်ငံ၏ ဆိုရှယ်မီဒီယာပလက်ဖောင်းများ လိုင်စင်လျှောက်ထားခြင်းဆိုင်ရာမူဘောင်**

မလေးရှားနိုင်ငံတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် အင်တာနက်စာတိုပေးပို့ဝန်ဆောင်မှု ဆောင်ရွက်သည့် အက်ပလီကေးရှင်းများ၏ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ မူဘောင် (the licensing framework for internet messaging services and social media services) ကို MCMC က ရေးဆွဲ၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အများပြည်သူထံသို့ စတင်မိတ်ဆက်ပေးခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဥပဒေစတင်အသက်ဝင်စေခဲ့ပြီးဖြစ်သည်။

မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာအက်ဥပဒေ(CMA) (1998) အရ ရေးဆွဲပေါ်ပေါက်လာသည့် အဆိုပါမူဘောင်အသစ်အရ မလေးရှားနိုင်ငံတွင် အသုံးပြုသူ ၈ သန်းနှင့်အထက်ရှိသော အင်တာနက်စာတိုပေးပို့ခြင်းဝန်ဆောင်မှုများနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်း ဝန်ဆောင်မှုပေးသူများသည် အက်ပလီကေးရှင်းဝန်ဆောင်မှုပေးသူ အတန်းအစားလိုင်စင် (ASP(C) Licence)ကို ရရှိထားရမည်ဖြစ်သည်။

လျှောက်ထားရာတွင် ၂၀၂၁ ခုနှစ်တွင် မိတ်ဆက်ခဲ့သည့် cloud လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်ကဲ့သို့ပင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရန်ဖြစ်ပြီး ဆန်းသစ်တီထွင်မှုများကို မထိခိုက်စေရေး လျှောက်ထားမှုလွယ်ကူစေရန် MCMC က မူဝါဒချမှတ်ထားသည်။ ASP(C) License ၏ သက်တမ်းမှာ တစ်နှစ်သတ်မှတ်ထားပြီး လိုင်စင်ကြေးကို မလေးရှားရင်းဂစ် ၂၅၀၀ သတ်မှတ်ထားသည်။ လိုင်စင်ရယူခြင်းမရှိဘဲ ဝန်ဆောင်မှုပေးသူများသည် ဒဏ်ငွေမလေးရှားရင်းဂစ် ၅၀၀၀၀၀ အထိနှင့်/သို့မဟုတ် ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ခံရနိုင်သည်။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ပြစ်မှုဆက်လက်ကျူးလွန်သည့်နေ့ တစ်ရက်တိုင်းအတွက် ရင်းဂစ် ၁၀၀၀ စီ ဒဏ်ငွေကိုလည်း ချမှတ်နိုင်သည်။ လိုင်စင်လိုအပ်ချက်ကို လိုက်နာရန် ပျက်ကွက်သော အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှုတွင် ဒါရိုက်တာများ၊ အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်များသည်လည်း တာဝန်ရှိသည်ဟု မှတ်ယူနိုင်ကြောင်း ဖော်ပြထားသည်။

*စာမျက်နှာ ၁၁ သို့*

❖ **လက်ရှိတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများသည် လူမှုအသိုက်အဝန်းကို အကျိုးပြုသည့် သာမန်ဆက်သွယ်ရေးကွန်ရက်နှင့် သတင်းအချက်အလက်ဖြန့်ချိရာ နေရာတစ်ခုမျှသာမဟုတ်ဘဲ အခွန်ဘဏ္ဍာစည်းကြပ်မှု လျှော့ရဲစွာဖြင့် ကြော်ငြာခများ နိုင်ငံတွင်းမှ စီးထွက်ရာ၊ အစွန်းရောက် အကြမ်းဖက်အယူအဆများ ပေါက်ဖွားရာ၊ သတင်းတုသတင်းမှားနှင့် အမုန်းစကားတို့၏ မြစ်ဖျားခံရာ၊ အွန်လိုင်းလိမ်လည်မှုများ အလွယ်တကူဆောင်ရွက်ရာနေရာများအဖြစ် လူမှုအသိုက်အဝန်းအတွက် မလိုလားအပ်သည့် အကျိုးဆက်များနှင့် အန္တရာယ်များကို ဆောင်ကြဉ်းလာလျက်ရှိနေပြီဖြစ်**

*စာမျက်နှာ ၁၀ မှ*

ဆိုရှယ်မီဒီယာပလက်ဖောင်း ဝန်ဆောင်မှုပေးသူများအနေဖြင့် ASP(C) လိုင်စင်လျှောက်ထားရန်အတွက် ကူးပြောင်းချိန်ကာလ ၅ လ(၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အထိ) သတ်မှတ်ခဲ့ပြီး ယင်းကာလအတွင်း ဝန်ဆောင်မှုပေးသူများအနေဖြင့် ဆိုက်ဘာအနိုင်ကျင့်မှု၊ အွန်လိုင်းလိမ်လည်မှုများ၊ လောင်းကစားနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကဲ့သို့သော အွန်လိုင်းအန္တရာယ်များကို ၎င်းတို့၏ ပလက်ဖောင်းအသီးသီးမှ လျှော့ချနိုင်ရေး အားထုတ်မှုများ လုပ်ဆောင်ရန် MCMC က တိုက်တွန်းခဲ့သည်။

**မူဝါဒအသစ်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်**

ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စပ်လျဉ်း၍ မလေးရှားနိုင်ငံက ၂၀၂၅ ခုနှစ်မှ စတင်ပြောင်းလဲကျင့်သုံးမည့် မူဘောင်အသစ်နှင့်စပ်လျဉ်း၍ ထုံးစံအတိုင်း အချို့သောစိုးရိမ်မှုများနှင့် ဝေဖန်မှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့သည်။ အထူးသဖြင့် Article 19 ကဲ့သို့ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသည့် အဖွဲ့အစည်းများနှင့် Facebook ၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta ဘက်မှ တာဝန်ရှိသူများက ၎င်းမူဘောင်အသစ်မှာ မလေးရှားနိုင်ငံ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် အစိုးရက ဥပဒေများကို အသုံးပြုလာခြင်းပေလောဟု မေးခွန်းထုတ်ခဲ့ကြပြီး ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ဖော်ပြခဲ့ကြသည်။

သို့ရာတွင် ယင်းသို့ လိုင်စင်မူဘောင်သတ်မှတ်ချက်သည် ဆိုရှယ်မီဒီယာအသုံးပြုသူများကို အကာအကွယ်ပေးရန်အတွက် အစိုးရ၏ ကြိုးမားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း Kota Melaka မြို့တော်၏ လွှတ်တော်အမတ် Khoo Poay Tiong ကပြောကြားခဲ့ပြီး မလေးရှားဆက်သွယ်ရေးဝန်ကြီး Fahmi Fadzil ကလည်း ယခုမူဘောင်အသစ်သည် ဆိုရှယ်မီဒီယာ အသုံးပြုသူများအတွက် ရည်ရွယ်ထားခြင်းမရှိဘဲ မလေးရှားနိုင်ငံအတွင်း ကြော်ငြာဝင်ငွေများရယူခြင်းဖြင့် စီးပွားရေးအရ ဆောင်ရွက်လျက်ရှိသည့် ဆိုရှယ်မီဒီယာပလက်ဖောင်းများအတွက်သာ ရည်ရွယ်ခြင်းဖြစ်သဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်စေခြင်းမရှိကြောင်း ပြောကြားထားသည်။

ယင်းသို့ ဆောင်ရွက်မှုသည် ပိုမိုလုံခြုံသော အွန်လိုင်းဂေဟစနစ် ဖန်တီးပေးနိုင်မည်ဖြစ်ပြီး အထူးသဖြင့် ကလေးများနှင့် မိသားစုများအတွက် ဆိုရှယ်မီဒီယာအသုံးပြုရာတွင် ပိုမိုကောင်းမွန်သော အတွေ့အကြုံကို ရရှိစေလိမ့်မည်ဖြစ်ကြောင်း MCMC က တုံ့ပြန်ခဲ့သည်။

**လိုင်စင်လျှောက်ထားရန် ဆောင်ရွက်မှု**

မလေးရှားနိုင်ငံတွင် အင်တာနက်နှင့် ဆိုရှယ်မီဒီယာအသုံးပြုမှုမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး www.statista.com ၏ ၂၀၂၄ ခုနှစ်က ထုတ်ပြန်သည့် စာရင်းအင်းများတွင် Facebook သည် မလေးရှားနိုင်ငံတွင် သုံးစွဲသူ ၂၂ ဒသမ ၃၅ သန်းရှိ၍ စုစုပေါင်းလူဦးရေ၏ ၆၄ ဒသမ ၈ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည်။ နိုင်ငံရေးသတင်းများ အပါအဝင် သတင်းအချက်အလက်အများစုကို မလေးရှားနိုင်ငံသားများက Facebook မှတစ်ဆင့် ရရှိနေခြင်းဖြစ်သည်။ လက်ရှိ ထုတ်ပြန်သည့် ဆိုရှယ်မီဒီယာပလက်ဖောင်း လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ မူဘောင်သတ်မှတ်ချက်အရ မလေးရှားတွင် လိုင်စင်လျှောက်ထားရန် သတ်မှတ်ချက်အကျုံးဝင်သည့် ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှာ Facebook, Instagram, WhatsApp, Telegram, WeChat နှင့် TikTok အပါအဝင် ရှစ်ခုထက်မနည်း ရှိနေကြောင်း သိရသည်။

လက်ရှိအချိန်အထိ Tencent ၏ WeChat၊ ByteDance ၏ TikTok သည် ဤစည်းမျဉ်းအသစ်အရ လုပ်ငန်းလည်ပတ်ရန် လိုင်စင်များ လျှောက်ထားရယူထားပြီးဖြစ်ပြီး Telegram ကိုလည်း MCMC က ဇန်နဝါရီလ ၂ ရက်နေ့က လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုပေးပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် Facebook၊ Instagram နှင့် WhatsApp တို့၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta အနေဖြင့် ယင်း၏ လူမှုကွန်ရက်မီဒီယာပလက်ဖောင်းများအတွက် လိုင်စင်လျှောက်ထားသည့် လုပ်ငန်းစဉ်အား စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း MCMC ၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

သို့ရာတွင် X (ယခင် Twitter)အနေဖြင့်မူ လိုင်စင်ထုတ်ပေးသည့် မူဘောင်ပါ သတ်မှတ်ချက်တစ်ခုဖြစ်သည့် မလေးရှားတွင် အသုံးပြုသူအရေအတွက် ၈ သန်းမရှိဟုဆိုကာ လျှောက်ထားခြင်း မပြုသေးကြောင်း သိရသည်။ အလားတူ YouTube ၏ မိခင်ကုမ္ပဏီ Google ကလည်း ၎င်း၏ ဗီဒီယိုမျှဝေခြင်းဆိုင်ရာ ဝန်ဆောင်မှုများသည် စာတိုပေးပို့သည့် အက်ပလီကေးရှင်းများနှင့် သဘာဝကွဲပြားသဖြင့် ဥပဒေပါ သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများအားဖော်ပြပြီး လိုင်စင်လျှောက်ထားခြင်းကိစ္စကို ဆွေးနွေးနေစဲဖြစ်ကြောင်း သိရှိရသည်။ တစ်ဖက်တွင် လိုင်စင်လျှောက်ထားခြင်းမရှိသည့် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စာတိုပေးပို့မှု အက်ပလီကေးရှင်းများအနေဖြင့် ဥပဒေအရ စိစစ်အရေးယူမှုကို ရင်ဆိုင်ရနိုင်ဖွယ်ရှိနေသည်။

ထို့အပြင် ၂၀၂၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံအနေဖြင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စာတိုပေးပို့မှု အက်ပလီကေးရှင်းများအား မူဝါဒကြီးကြပ်သည့် မူဘောင်တစ်ရပ်ကို စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံ အပါအဝင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေး အတွက် နှီးဆော်ဆောင်ရွက်မှုများကိုလည်း တွေ့ရှိလာရသည်။



၃၁-၁-၂၀၂၄ ရက်နေ့က ဝါရှင်တန်ရှိ Capitol Hill တွင် အထက်လွှတ်တော် တရားစီရင်ရေးကော်မတီ၏ အွန်လိုင်း ကလေးဘေးကင်းရေးကော်မတီ ကြားနာပွဲအတွင်း တက်ရောက်သူများက ဆိုရှယ်မီဒီယာကြောင့် ထိခိုက်ခဲ့ရသူများ၏ ဓာတ်ပုံများကို ကိုင်ဆောင်ထားပုံ။ ဓာတ်ပုံ- အေပီ

> **“၂၀၂၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံအနေဖြင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများနှင့် စာတိုပေးပို့မှု အက်ပလီကေးရှင်းများအား မူဝါဒကြီးကြပ်သည့် မူဘောင်တစ်ရပ်ကို စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် နှီးဆော်ဆောင်ရွက်မှုများကိုလည်း တွေ့ရှိလာရ”**

**စောင့်ကြည့်ရမည့် အခြေအနေ**

၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်အသုံးပြုသူ ၅ ဒသမ ၅၂ ဘီလီယံရှိပြီး ယင်းပမာဏသည် ကမ္ဘာ့လူဦးရေ၏ ၆၇ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ ယင်းအနက်မှ စုစုပေါင်း၏ ၅ ဒသမ ၂၂ ဘီလီယံ သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းသည် ဆိုရှယ်မီဒီယာအသုံးပြုသူများဖြစ်သည်။ လက်ရှိတွင် ဆိုရှယ်မီဒီယာပလက်ဖောင်းများသည် လူမှုအသိုက်အဝန်းကို အကျိုးပြုသည့် သာမန်ဆက်သွယ်ရေးကွန်ရက်နှင့် သတင်းအချက်အလက် ဖြန့်ချိရာနေရာတစ်ခုမျှသာမဟုတ်ဘဲ အခွန်ဘဏ္ဍာစည်းကြပ်မှု လျော့ရဲစွာဖြင့် ကြော်ငြာခများ နိုင်ငံတွင်းမှ စီးထွက်ရာ၊ အစွန်းရောက် အကြမ်းဖက်အယူအဆများ ပေါက်ဖွားရာ၊ သတင်းတုသတင်းမှားနှင့် အမုန်းစကားတို့၏ မြစ်ဖျားခံရာ၊ အွန်လိုင်းလိမ်လည်မှုများ အလွယ်တကူဆောင်ရွက်ရာ နေရာများအဖြစ် လူမှုအသိုက်အဝန်းအတွက် မလိုလားအပ်သည့် အကျိုးဆက်များနှင့် အန္တရာယ်များကို ဆောင်ကြဉ်းလာလျက်ရှိနေပြီဖြစ်သည်။

ယင်းမလိုလားအပ်သည့် လူမှုဒုက္ခများကို လျှော့ချနိုင်စေရေး နိုင်ငံနှင့် ဒေသအဖွဲ့အစည်းအသီးသီးက လိုအပ်သည့် ဥပဒေများထုတ်ပြန်၍ ပြန်လည်ထိန်းကျောင်းလျက်ရှိရာ ၂၀၂၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် ဆိုရှယ်မီဒီယာပလက်ဖောင်းများ၏ တုံ့ပြန်ဆောင်ရွက်ချက်များအား ဆက်လက်စောင့်ကြည့်ရမည့် အခြေအနေဖြစ်ပါသည်။

ကိုးကား-
https://www.demandsage.com/social-media-users/
https://apnews.com/article/meta-tiktok-snap-discord-zuckerberg-testify-senate-00754a6bea92aaad62585ed55f219932
https://insightplus.bakermckenzie.com/bm/technology-media-telecommunications_1/malaysia-licensing-of-social-media-and-internet-messaging-service-providers-from-1-january-2025-onwards
https://www.dataguidance.com/news/malaysia-mcmc-unveils-new-regulatory-framework-social
https://www.statista.com/statistics/617136/digital-population-worldwide/

## မိတ္ထီလာမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆၃ ကျောင်းရှိ KG တန်း ကျောင်းသား ကျောင်းသူ ၄၈၄၆ ဦးအား ကျောင်းတွင်းအာဟာရကျွေးမွေး

**မိတ္ထီလာ ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၂၆၃ ကျောင်းတွင် ပညာသင်ယူနေသော ကျောင်းသားကျောင်းသူ ၄၈၄၆ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျောင်းတွင်းအာဟာရ ကျွေးမွေးမှုကို ယမန်နေ့က အထက(၅) ရှမ်းတဲ၌ ဆောင်ရွက်သည်။



အဆိုပါကျောင်းတွင်းအာဟာရကျွေးမွေးသည့်နေရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်နှင့် ဆရာ ဆရာမများက အထက(၅) ရှမ်းတဲကျောင်းရှိ KG တန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၀၅ ဦးအား အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်သည်။ အလားတူ မြို့နယ်အတွင်းရှိ အခြားအခြေခံပညာ ကျောင်းပေါင်း ၂၆၂ ကျောင်းရှိ KG တန်း ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း ဆောင်ရွက်ကြသည်။

**ချမ်းသာ(မိတ္ထီလာ)**



အမရပူရမြို့နယ် မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးအောင်မျိုးထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက်တွင် မြစ်ငယ်မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်း ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့်သင် ဆရာ ဆရာမများအတွက် ဆရာများတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အခြေခံပညာအလယ်တန်းဆင့်သင် ဆရာ ဆရာမများအတွက် ဆရာများတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ကို နားလည်သဘောပေါက်စေရန်၊ အညွှန်းဘောင်ပါ ပညာရပ်နယ်ပယ် တစ်ခုချင်းစီအလိုက် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံကို ရင်းနှီးကျွမ်းကျင်စေရန်၊ ဆရာလမ်းညွှန်ပါ သင်ခန်းစာများကို အညွှန်းဘောင်နှင့်ချိတ်ဆက်တတ်ရန်၊ အညွှန်းဘောင်နှင့်ချိတ်ဆက်၍ သင်ခန်းစာပြင်ဆင်ခြင်း၊ သင်ကြားခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်း စသည့် လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်တတ်ရန်၊ သုံးသပ်ချက်များမှတစ်ဆင့် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်တတ်ရန် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework–TCSF)နှင့် သင်ရိုးသစ် သင်ရိုးညွှန်းတမ်းတို့ကို ချိတ်ဆက်ပြီး သင်ကြားနိုင်ရေးဆွေးနွေးသွားမည်ဖြစ်ရာ အလယ်တန်းဆင့် သင်ရိုးသစ်၏ သင်ပြနည်းများကို စာတွေ့၊ လက်တွေ့ပေါင်းစပ်ပြီး ကျောင်းသား ကျောင်းသူများအား ထိရောက်စွာ ပြန်လည်သင်ကြားနိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ TCSF ၏ စံနှုန်းများကိုလေ့လာပြီး ကျောင်းသားများအတွက် အကျိုးရှိသည့် သင်ကြားရေးနည်းလမ်းများနှင့် သင်ခန်းစာပါအကြောင်း အရာများကို အကောင်းဆုံးပုံစံဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ကာ မိမိတို့၏သင်ကြားမှုများကိုလည်း ထိရောက်သော စီမံခန့်ခွဲမှုများဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက်အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အခြေခံပညာအလယ်တန်းဆင့်သင်(အသစ်ဝင်စ) ဆရာ ဆရာမများအတွက် ဆရာတတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့်နည်းပြသင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းကို အစီအစဉ်အတိုင်း စတင်ဖွင့်လှစ်သည်။

ယခုသင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လုပ်သက်(၅)နှစ်နှင့် အထက် အလယ်တန်းဆင့်သင် ဆရာ ဆရာမ ၁၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၂ ရက် မှ ၂၄ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(လွိုင်ကော်) အမှတ်စဉ်(၃၁)သူနာပြုနှင့်သားဖွားဒီပလိုမာသင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၂၂**

ကယားပြည်နယ် သူနာပြုနှင့် သားဖွား သင်တန်းကျောင်း (လွိုင်ကော်) ၂၀၂၅ ပညာသင်နှစ် အမှတ်စဉ်(၃၁) သူနာပြုနှင့် သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**သင်တန်းများဖွင့်လှစ်ပေးလျက်ရှိ**

အခမ်းအနားတွင် ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းသူများက "မင်္ဂလာပါ" အကဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာ ပြည်သူလူထုကို အရည်အသွေး ပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရည်အချင်းပြည့်မီသော ကျန်းမာရေးလူ့စွမ်းအားစုအမျိုးမျိုးကို အမျိုးသားကျန်းမာရေး စီမံကိန်းလိုအပ်ချက်နှင့် အညီ အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးကိစ္စများတွင် သင်ရိုးညွှန်းတမ်း အဆင့်မြင့်မားရေး၊ သူနာပြုများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ စဉ်ဆက်မပြတ် ပညာသင်ကြားခွင့်ရရှိရေးနှင့် အခြားလိုအပ်ချက်များကို နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိနေကြောင်း၊ သူနာပြုကောင်းများ၏ အရည်အချင်းများဖြစ်သော ဝါသနာ၊ အကြင်နာ၊ စေတနာ၊ အနစ်နာ၊ စံနမူနာဆိုသည့် နာငါးနာနှင့် လိုက်နာရမည့်ကျင့်ဝတ်များနှင့်အညီ ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်၏အကျိုး၊ ပြည်နယ်၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ပေးကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများ နေ့စဉ်စားသောက်မှု အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ စားစရိတ်နှင့် သင်ရိုးပြဋ္ဌာန်း စာအုပ်ဖိုးများကို ပေးအပ်ချီးမြှင့်ရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်မာမာဆွေနှင့် သင်တန်းသား ကိုယ်စားလှယ်နှစ်ဦးတို့က လက်ခံရယူကြသည်။ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များက သင်တန်းကျောင်းအတွက် ဘက်စုံအသုံးပြုရန် ချီးမြှင့်ငွေနှင့် ရေရရှိရေးလုပ်ငန်းအတွက် ကုန်ကျစရိတ်များ ပေးအပ်ရာ သင်တန်းကျောင်းတာဝန်ရှိသူများက လက်ခံရယူကြပြီး သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီးက ပထမနှစ် သင်တန်းသား သင်တန်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် သင်တန်းကျောင်း ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းသား သင်တန်းသူများက ကယားရိုးရာအက၊ ရှမ်းရိုးရာ အက၊ တေးသရုပ်ဖော်အကများနှင့် မြန်မာအကတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး အဆိုပါအကအဖွဲ့များအား ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လဲချားမြို့နယ်၌ ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**လဲချား ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လဲချား - ဆီကုန်း-ဝမ်ဝေါင်-နားမန်း-ဟတ်လီလမ်းကို ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(နေပြည်တော် - ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဝင်းကျော်မျိုး၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးဝင်းနှင့် တာဝန်ရှိသူများသည် လဲချား- ဆီကုန်း - ဝမ်ဝေါင် - နားမန်း - ဟတ်လီလမ်းကို ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း လမ်းအရှည် ၃ ဒသမ ဝ၄ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထုကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လွိုင်လင်ခရိုင် လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်သက်နိုင် က သတ်မှတ်ထားသော လမ်းဒီဇိုင်းများ၏ စံချိန်စံညွှန်းများအတိုင်း အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်မှ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းကို ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေကျပ် ၁၃၃ ဒသမ ၄၅ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၂** တနင်္သာရီကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၁၄၉ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၉ ဦး၊ ခွဲစိတ်ရောဂါ ၁၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ခြောက်ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၁၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ တစ်ဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၀ ဦးနှင့် ခါတ်ခွဲစမ်းသပ်လူနာ ၁၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ တစ်ဦးတို့ကို နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၂** ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၉၅ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၅ ဦး၊ ခွဲစိတ်ရောဂါ ၂၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၇ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၂ ဦး၊ မျက်စိရောဂါ ၈၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၅ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၃ ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ခါတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာခုနစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကြောင်း သတင်းရရှိသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-




(၁)

ကျွန်မအသက်က ၇၇ နှစ်ရှိပါပြီ၊ မျက်စိဝေလို့ လာပြတာပါ။ သွေးတိုးလည်းရှိလို့ လာပြတာပါ။ မျက်စိခွဲစိတ်ကုသပေးတယ်။ နား၊ နှာခေါင်း၊ လည်ချောင်းတွေလည်း ကုသပေးပါတယ်။ ကလေးအထွေထွေရောဂါအတွက်လည်း ကုသပေးပါတယ်။ ကြက်ခြေနီတွေကလည်း တော်ပါတယ်။ တွဲခေါ်ပြီး လိုက်ပို့ပေးတာပါ။ အားလုံးကိုကျေးဇူးအများကြီးတင်ပါတယ်။ အသက်ရာကျော် ရှည်ကြပါစေ၊ ဘုန်းကြီးကြပါစေ။




(၂)

အဘွားက အခု မျက်စိခွဲထားတာ ခြောက်လရှိပါပြီ။ နောက်ဆုံးတစ်လုံးခွဲတာပါ။ ခြောက်လရှိတဲ့အခါမှာ အဘွားမျက်စိတွေနာလို့ အခုလာပြတာ ဖြစ်ပါတယ်။ ဆီးချိုလည်းရှိလို့ အဲဒါလည်း ပြတာပါ။ နယ်လှည့်ဆေးကုသတဲ့အဖွဲ့တွေ ရောက်မယ်ဆိုလို့ ကျေးရွာဥက္ကဋ္ဌက ကြေညာလို့ သိရပါတယ်။ ကိုယ့်မှာဖြစ်ပေါ်နေတဲ့ ရောဂါဝေဒနာတွေကို ကုသပေးတဲ့အတွက်၊ ဆေးပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီသင်္ဘောကြီးမှာလာပြတာ။ ပထမဦးဆုံးအကြိမ် လာပြတာဖြစ်ပါတယ်။ တစ်နှစ်ကို လေးငါးကြိမ်လောက် လာစေချင်ပါတယ်။ ဝေဒနာဖြစ်နေတဲ့ သူတွေအတွက် အခုလို ဆေးခန်းကြီး လာဖွင့်ပေးတာကို အတိုင်းထက်အလွန် ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

*❂ ကျောဖုံးမှ*

ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ စိုးလင်းဦးသည် နာမည်ကြီးထိုင်း ဖိုက်တာ ဆက်ဆန်နှင့် ထိုးသတ်ရမည်ဖြစ်ပြီး လူငယ်ဖိုက်တာ သန့်ဇင်မှာမူ ဝါရင့်ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ထိုင်းနှင့် မြန်မာယှဉ်ပြိုင်ထိုးသတ်မည်**

ONE–170 ပြိုင်ပွဲ၌ အဓိကတွဲဆိုင်းအဖြစ် ဖယ်သာဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲတွင် ထိုင်းဖိုက်တာ တာဝမ်ချိုင်းနှင့် ထိုင်းဖိုက်တာ ဆူပါဘွန်း၊ Co–Main Event များအဖြစ် ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဘရာဇီးဖိုက်တာ ဖာဘယ်စီယိုနှင့် တောင်ကိုရီးယားဖိုက်တာ ကွမ်ဝန်အီ၊ အင်တာရမ် ဘင်တန်ဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲတွင် စကော့တလန်ဖိုက်တာ နီကိုနှင့် ထိုင်းဖိုက်တာ နာဘေးလ်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အခြားစိန်ခေါ်ပွဲများအဖြစ် ထိုင်းဖိုက်တာ ဆက်ဆန်နှင့် မြန်မာဖိုက်တာ စိုးလင်းဦး၊ ထိုင်းဖိုက်တာ နာတာဝပ်နှင့် ပြင်သစ်ဖိုက်တာ ကူယာတေး၊ ထိုင်းဖိုက်တာ ဆင်ဆာမွတ်နှင့် စပိန်ဖိုက်တာ တော်ဂျူလို၊ အမေရိကန်- မလေးရှား ဖိုက်တာ ဂါဇာလီနှင့် လစ်သူယေးနီးယား ဖိုက်တာ ဂျိုဟာန်၊ ဆွစ်ဇာလန်ဖိုက်တာ အာဘီဗီနှင့် ကာဇက်စတန်ဖိုက်တာ မာမီဒျေါဗ်၊ ဘရာဇီးဖိုက်တာ မာဆယ်လိုနှင့် ဂျပန်ဖိုက်တာ မာဆာကာဇူ၊ အီရတ်ဖိုက်တာ ရှာကီနှင့် ဂျပန်ဖိုက်တာ နိုအီရီ၊ ထိုင်းဖိုက်တာ ဆူရီရန်လက်ခ်နှင့် မြန်မာဖိုက်တာ သန့်ဇင်၊ ဗြိတိန်ဖိုက်တာ ဟက်ဂါတေးနှင့် လစ်သူယေးနီးယားဖိုက်တာ ဂျော်ဒန်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ–ONE Championship**

*❊ ကျောဖုံးမှ*

အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ၁၆ မိနစ်တွင် ရင်တာရိုက ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူသော်လည်း VAR ကြည့်ပြီး ပြန်လည်ပယ်ဖျက်ခံရသည်။ သို့သော် မိနစ် ၃၀ တွင် ဘာကာယိုကိုက အဝေးကန်ချက်ဖြင့် ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၆၄ မိနစ်တွင် VAR ပြန်ကြည့်ပြီး BG ပါသွန်ယူနိုက်တက်အသင်း ပယ်နယ်တီကန်ခွင့်ရရှိကာ အယ်လ်ဗာရက်ဇ်က ချေပဂိုးပြန်သွင်းခဲ့သည်။ BG ပါသွန်ယူနိုက်တက်အသင်းက ပွဲချိန် ၇၉ မိနစ်တွင် ရာနီရယ်လ်၊ ၉၀+၉ မိနစ်နှင့် ၉၀+၁၃ မိနစ်တွင် ဆူဆန်တို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။ ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းက လေးပွဲကစား ရှစ်မှတ်ရထားပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းက လေးပွဲကစား အမှတ်မရသေးပေ။

**ရဲရင့်လွင်**

*● ကျောဖုံးမှ*

ကိုးဂိုး ရှိသည်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ဘင်ဖီကာအသင်းမှ တိုက်စစ်ကစားသမား ပါဗလီဒစ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် အုပ်စုပွဲစဉ်(၇)ပွဲ ကစားပြီးချိန်တွင် ရမှတ် ၁၈ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရေး နီးစပ်လာပြီ ဖြစ်သည်။

ဘင်ဖီကာအသင်းက အုပ်စုပွဲစဉ် (၇) ပွဲကစားပြီးချိန်တွင် ရမှတ် ၁၀ မှတ်သာ စုဆောင်းရရှိသေးသည့်အတွက် နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့်ရရေး အုပ်စုနောက်ဆုံးပွဲစဉ်တွင် မဖြစ်မနေရလဒ်ကောင်းရရှိရေး ရုန်းကန်ရဦးမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၇) မှ အခြားပွဲစဉ်ရလဒ်များတွင် အတ္တလန္တာက စတမ်းကို ငါးဂိုး–ဂိုးမရှိ၊ မိုနာကိုက အက်စ်တွန်ဗီလာကို တစ်ဂိုး–ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်က လေဗာကူဆင်ကို နှစ်ဂိုး–တစ်ဂိုး၊ ဘိုလော့ဂ်နာက ဒေါ့မွန်ကို နှစ်ဂိုး–တစ်ဂိုး၊ လီဗာပူးက လိုင်လီကို နှစ်ဂိုး–တစ်ဂိုး၊ ပီအက်စ်ဗွီက ရက်စတားကို သုံးဂိုး– နှစ်ဂိုး၊ စတုဂတ်က စလိုဗန်ကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ကလပ်ဘရုဂ်နှင့် ဂျူဗင်တပ်စ်အသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**

# တူကီယဲနိုင်ငံ၌ နှင်းလျှောစီးအပန်းဖြေစခန်း မီးလောင်မှုဖြစ်ပွား၊ ၇၆ ဦးခန့် သေဆုံး

**အန်ကာရာ ဇန်နဝါရီ ၂၂**

တူကီယဲနိုင်ငံ၌ နှင်းလျှောစီး အပန်းဖြေစခန်း မီးလောင်မှုဖြစ်ပွားရာ ၇၆ ဦးခန့် သေဆုံးခဲ့သည်ဟု တူကီယဲအစိုးရအရာရှိများက ပြောသည်။

နိုင်ငံအနောက်မြောက်ပိုင်းပြည်နယ် ဘိုလူရှိ နှင်းလျှောစီးစခန်း မီးလောင်ခဲ့ခြင်းဖြစ်ရာ သေဆုံးသူ ဦးရေကို ပြည်ထဲရေးဝန်ကြီး အလီယာလီကာရာက ဇန်နဝါရီ ၂၁ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဟိုတယ်ပိုင်ရှင်အပါအဝင် ကိုးဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟုသိရသည်။ အခင်းဖြစ်ပွားရာနေရာတွင် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ အဆုံးသတ်သွားပြီဟု ပြည်ထဲရေးဝန်ကြီးက သတင်းထောက်များကို အတည်ပြုပြောကြားခဲ့သည်။

သေဆုံးသူ ၇၆ ဦးရှိပြီး ရှာဖွေရေးလုပ်ငန်းများ အဆုံးသတ်သွားပြီဖြစ်ကာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ ဇန်နဝါရီ ၂၁ ရက် နံနက် အစောပိုင်းက မီးစတင်လောင်ခဲ့ပြီး ၁၂ ထပ်ရှိသည့် ဟိုတယ်ကို မီးစွဲလောင်ခဲ့သည်။

ကနဦးစစ်ဆေးမှုများအရ လေးထပ်ရှိ စားသောက်ဆိုင်ဧရိယာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်က ဇန်နဝါရီ ၂၂ ရက်ကို ဝမ်းနည်းကြေကွဲဖွယ်နေ့အဖြစ် ကြေညာခဲ့သည်။

အဆိုပါဟိုတယ်သည် ခရီးသွားများသည့် အားလပ်ရက်ကာလတွင် ဧည့်သည် ၂၃၈ ဦးအထိ ဝန်ဆောင်မှုပေးနိုင်သည့်ဟိုတယ်ဖြစ်သည်။

ဆင်ဟွာ



ဘိုလူရှိ ကာတာကာယာ နှင်းလျှောစီးအပန်းဖြေစခန်းမီးလောင်မှု မီးသတ်သမားများ မီးငြိမ်းသတ်နေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။



# သမ္မတဒေါ်နယ်ထရမ့် အစိုးရလက်ထက်တွင် မာကိုရူဘီယို နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာ

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

သမ္မတဒေါ်နယ်ထရမ့် အစိုးရလက်ထက်တွင် မာကိုရူဘီယိုကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမေရိကန်အထက်လွှတ်တော်က တညီတညွတ်တည်း အတည်ပြုလိုက်ကြောင်း သိရသည်။

ထို့ကြောင့် ရူဘီယိုသည် ထရမ့်၏အစိုးရအဖွဲ့ အမည်စာရင်းတင်သွင်းသူများအနက် အထက်လွှတ်တော်၏ ထောက်ခံ အတည်ပြုချက်ကို ပထမဆုံးရရှိသူဖြစ်လာခဲ့သည်။ ၎င်းသည် ယခင်က ဖလော်ရီဒါပြည်နယ်ကိုယ်စားပြု အထက်လွှတ်တော်အမတ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးသစ် ရူဘီယိုသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာ တာကေးရှီအပါအဝင် နိုင်ငံအသီးသီးမှ နိုင်ငံရေးသမားများ၊ ထိပ်တန်းပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အေအိုင်နည်းပညာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည်ဟု ထရမ့်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီ ၂၁ ရက်က အေအိုင်နည်းပညာဟုခေါ်သော ဉာဏ်ရည်တု နည်းပညာကဏ္ဍ၌ မိတ်ဖက်အဖွဲ့သစ်တစ်ဖွဲ့က အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ အထိ ရင်းနှီးမြှုပ်နှံမည့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအကြောင်း ဦးစားပေးပြောကြားခဲ့သည်။ အဆိုပါမိတ်ဖက်အဖွဲ့သစ်ကို အိုးပင်းအေအိုင်၊ အော်ရေကယ်နှင့် ဆော့ဖ်ဘဏ်တို့က ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။



အေအိုင်နည်းပညာကဏ္ဍအတွက် အရေးပါသည့် စတားဂိတ်လုပ်ငန်းစီမံချက်သည် အေအိုင်ဒေတာအဆောက်အအုံများကို မကြာမီ တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် တက္ကဆက်ရှိ လျင်မြန်စွာပြောင်းလဲဖွံ့ဖြိုးတိုးတက်နေသော အေအိုင်၏နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို မကြာမီထုတ်လုပ်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်၏ ပြောကြားချက်အရ သိရသည်။

ကနဦးရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ နှင့် စတင်သွားမည်ဖြစ်ပြီး နောက်ထပ်ငါးဆအထိ ထပ်မံတိုးမြှင့်ရင်းနှီးမြှုပ်နှံသွားမည်ဟု မျှော်လင့်ရသည်။

အိမ်ဖြူတော်တွင် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲနှင့် ဖွင့်ပွဲမိန့်ခွန်းပြောကြားသည့် အခမ်းအနားသို့ ဆော့ဖ်ဘဏ်၊ အိုးပင်းအေအိုင်နှင့် အော်ရေကယ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သုံးဦးစလုံးက အေအိုင်လုပ်ငန်းစီမံချက်အတွက် သမ္မတထရမ့်ကို ကျေးဇူးတင်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု ရွှေခေတ်လွှမ်းပြီ ဆိုသည့် သမ္မတထရမ့်၏ မိန့်ခွန်းပါကောက်နုတ်ချက်ကိုရည်ညွှန်းပြီး ဆော့ဖ်ဘဏ်၏တာဝန်ရှိသူ မာဆာယိုရှီဆန်းက ရွှေခေတ်အစပဲဟု ပြောကြားလိုက်သည်။

သမ္မတထရမ့်သည် ၎င်း၏သမ္မတသက်တမ်းအစတွင် စီးပွားရေးကို မြှင့်တင်သည့်အနေဖြင့် အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် ဆောင်ရွက်ချက်အမြောက်အမြားကို ကြေညာခဲ့သည်။ **အေပီ**

# ကင်ညာနိုင်ငံ၌ စားရေရိက္ခာမလုံလောက်သူနှင့် လူသားချင်းစာနာမှု အကူအညီလိုအပ်သူ ၁ ဒသမ ၈ သန်းရှိ

**နိုင်ရိုဘီ ဇန်နဝါရီ ၂၂**

ကင်ညာနိုင်ငံတွင် စားရေရိက္ခာမလုံလောက်သူနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်သူ အရေအတွက်မှာ ၁ ဒသမ ၈ သန်း ရှိကြောင်း အမျိုးသား မိုးခေါင်ရေရှားမှုဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ဇန်နဝါရီ ၂၁ ရက်တွင် ပြောသည်။

မိုးနည်းသော ဒေသများတွင်လည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ပြင်းထန်သောသက်ရောက်မှုများကို ဆက်လက်ခံစားကြရဦးမည် ဖြစ်ကြောင်း သိရသည်။

ဂါရီဆာ၊ တာကန်နာ၊ မာဆာဘစ်၊ မန်ဒါရာ စသည့်ဒေသများသည် စားရေရိက္ခာမလုံလောက်မှုနှင့် အဆိုးရွားဆုံးကြုံတွေ့နေရကြောင်း မိုးခေါင်ရေရှားမှု လျော့ပါးရေးဆိုင်ရာ အစိုးရအေဂျင်စီက ပြောသည်။

မန်ဒါရာ၊ မာဆာဘစ်၊ ဆမ်ဘူရူ၊ ဘာရင်ဂိုနှင့် တာကန်နာ စသည့်ဒေသများအပါအဝင် မိုးနည်းသော ဒေသအများအပြားတွင် ပြင်းထန်သော အာဟာရချို့တဲ့မှုမှာ မြင့်မားနေဆဲဖြစ်သည်။ ၂၀၂၄ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ထိခိုက်ခံစားရသူ အရေအတွက်မှာ ၁ ဒသမ ၈ သန်းရှိသည်ဟု အဆိုပါအေဂျင်စီက မှတ်ချက်ပြု ပြောသည်။

လတ်တလောတွင် အသက်ခြောက်လမှ ၅၉ လအကြား ကလေးငယ် ၄၇၉၄၉၈ ဦး အပြင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၁၁၀၁၆၉ ဦးတို့မှာ ပြင်းထန်အာဟာရချို့တဲ့လျက်ရှိပြီး အရေးပေါ်ဆေးဝါးကုသမှုခံယူရန်လိုအပ်ကြောင်း အင်န်ဒီအမ်အေက ပြောသည်။

ဆင်ဟွာ



စားရေရိက္ခာအကူအညီများ လက်ခံရယူပြီးနောက် နေရပ်ပြန်လာသည့် ဒေသခံများ။

# ရာသီဥတုနှင့်ဆက်စပ်သည့် သေဆုံးမှုများအတွက် သီရိလင်္ကာအစိုးရက နစ်နာကြေးတိုးမြှင့်ပေး

**ကိုလံဘို ဇန်နဝါရီ ၂၂**

သီရိလင်္ကာအစိုးရသည် လက်ရှိရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်ပေါ်သည့် သေဆုံးမှုများအတွက် နစ်နာကြေးကို အမေရိကန်ဒေါ်လာ ၈၅၀ မှ ဒေါ်လာ ၃၄၀၀ ခန့်အထိ တိုးမြှင့်ပေးသည်ဟု ကာကွယ်ရေးဒုတိယဝန်ကြီး အာရူနာဂျာယာဆီကာက က ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာခဲ့သည်။

မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို လူပေါင်း ၁၈၆၀၀ ကျော်ခံစားခဲ့ရပြီး နှစ်ဦးသေဆုံးခဲ့သည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုဌာန၏ အချက်အလက်များအရ သိရသည်။ ခရိုင် ၁၈ ခုတွင် နေရပ်စွန့်ခွာမှုများဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ခံစားရသူများသည် ကယ်ဆယ်ရေးဌာန ၁၇ ခုတွင် နေထိုင်ခဲ့ရသည်ဟု ၎င်းက ဆက်ပြောသည်။

အလုံးစုံပျက်စီးသွားသည့် နေအိမ် ၁၀ လုံးရှိပြီး တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် နေအိမ် ၄၃၈ လုံးရှိသည်ဟု ၎င်းကဆက်ပြောသည်။ အသေးစားစီးပွားရေးလုပ်ငန်းရှင်များလည်း ထိခိုက်ခံစားခဲ့ရသည်။ သဘာဝဘေးသက်သာရေးအတွက် အစိုးရက အမေရိကန်ဒေါ်လာ ၁၀၂၀၀၀ ခွဲဝေချထားပေးခဲ့ပြီး လာမည့်ရက်များအတွင်း ရာသီဥတုဆိုးရွားမှုများ ပြေလျော့သွားမည်ဟု ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# ကယားပြည်နယ်နေ့က မွေးဖွားပေးလိုက်သော အမျိုးသားရေးတာဝန်

မြင့်စိုး(နတလ)



(၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ကယားတိုင်းရင်းသားတို့၏ အကအလှများ။

### ကန္တာရဝတီသို့ ရောက်ခဲ့သည်

၂၀၂၄ ခုနှစ်၏ ဒီဇင်ဘာလ စတုတ္ထပတ်ကို ခရီးစဉ်နှစ်ခုဖြင့် ကျွန်တော်အဆုံးသတ်ခဲ့သည်။ ပထမတစ်ခုအနေဖြင့် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်များအတွင်း၌ စိုက်ပျိုးရေးသမဝါယမအသင်းများက စိုက်ပျိုးထားသော စက်မှုသီးနှံ ဝါစိုက်ခင်းများ၊ ဆီထွက်သီးနှံ နေကြာစိုက်ခင်းများကို လိုက်လံကြည့်ရှုအားပေးကာ ပန်းတိုင်အထွက်နှုန်းရရှိရေး ဦးတည်မှာကြားဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဒုတိယခရီးစဉ်ကမူ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီးသို့ ထွက်ခွာ၍ ကျောင်းကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့သည်။ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်မူ မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်၌ ကျင်းပပြုလုပ်ခဲ့သော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ဆင်နွှဲခွင့်ရခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ ပေးပို့သည့် အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဖထီးမန်းငြိမ်းမောင်က ဖတ်ကြားခဲ့သည်။

> ❖ **ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်**
>
> ❖ **ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာလည်း ဒေသခံများပင်ဖြစ်**

ယင်းအခမ်းအနားသို့ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ခဲ့ကြပါသည်။ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အခမ်းအနားအပြီး ဝန်ကြီးချုပ်နှင့် ကျွန်တော်တို့အဖွဲ့က ရွှေးမြစ်အတိုင်း စက်လှေစီးကာ မြောင်းမြမြို့နယ် လူတော်ကြီးကျေးရွာဆိုလာ Mini Grid မီးလင်းရေးဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။ နှစ်တစ်နှစ်၏ နောက်ဆုံးရက်ဖြစ်သော ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်မူ ပုသိမ်မှ ပြန်လည်ထွက်ခွာ၍ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းလုပ်ငန်းများကြည့်ရှုပြီး ရန်ကုန်မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ထိုနေ့ညက မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ လူတော်တော်များများ နှစ်သစ်ကိုကြိုဆိုရန်အလို့ငှာ စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြသည်။ ကျွန်တော်ကတော့ မှတ်မှတ်ရရ ယခုအသက်အရွယ်အဘိုးအိုပေါက်စဘဝ ရောက်သည်အထိ Happy New Year ဟု တစ်ကြိမ်တစ်ခါမှ မအော်ခဲ့ဖူးချေ။ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအပြီး မြန်မာနှစ်ဆန်း(၁)ရက်နေ့ကိုသာ ပို၍ အထွတ်အမြတ်ထားခဲ့ပါသည်။ နှစ်သက်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်၏ ပထမဦးဆုံးခရီးကမူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သွားရောက်ခဲ့သည့် ကယားပြည်နယ် ခရီးစဉ်ဖြစ်ခဲ့ပြီး ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို တက်ရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဉာဏ်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်တို့ လိုက်ပါခဲ့ကြပါသည်။ ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ကြပြီး ပြည်နယ်၏ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

### (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျရောက်သော (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ထိုနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ကယားပြည်နယ်အတွင်း၌ ကယား၊ ဇယိမ်း၊ ကယမ်း(ပဒေါင်)၊ ဂေခို(ကဲ့ခို)၊ ဂေဘား၊ ပရဲ(ကယော်)၊ ယင်းတလဲ၊ ယင်းဘော်၊ မနူမနော ဟူ၍ မျိုးနွယ်စု (၉) မျိုး ရှိပေရာ ထိုနေ့အခမ်းအနား၌ တစုတဝေးတွေ့မြင်ခွင့်ရခဲ့သည်။ တိုင်းရင်းသားများ၏ ပြည်နယ်နေ့နှင့် အမျိုးသားနေ့အခမ်းအနားများ၊ နှစ်သစ်ကူးပွဲတော် အခမ်းအနားများနှင့်ပတ်သက်၍ နတလ၌ တာဝန်ထမ်းဆောင်ခဲ့စဉ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့၌ နှစ်ကြိမ်၊ လေရှီးမြို့၌ တစ်ကြိမ် တက်ရောက်ဖူးခဲ့သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် ချင်းအမျိုးသားနေ့ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၏ ခရီးစဉ်နှင့်အတူ တက်ရောက်ခွင့်ရခဲ့သည်။ ကချင်၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားများ၏ ပြည်နယ်နေ့၊ အမျိုးသားနေ့၊ နှစ်သစ်ကူးအခမ်းအနားများကိုမူ ကိုယ်တိုင်ကိုယ်ကျ မတက်ရောက်ဖူးခဲ့သော်ငြားလည်း တွေ့ဖူးမြင်ဖူးခဲ့သည်။ ကျင်းပသည့်နေရာ၊ ရက်စွဲ၊ အချိန် မတူညီတာပဲရှိမည်။ တူညီတာတစ်ခုကတော့ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ထွန်းကားပြန့်ပွားရေးကို ဦးတည်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ကို မည်သူမျှမငြင်းနိုင်ပေ။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဖတ်ကြားခဲ့သည်။ ယင်းသဝဏ်လွှာတွင် ကယားပြည်နယ်သူ ပြည်နယ်သားအားလုံးအလေးထားလိုက်နာရမည့်၊ သတိပြုစောင့်ထိန်းရမည့် အမျိုးသားရေးတာဝန်နှင့် ပတ်သက်၍ အောက်ပါတို့ကို ထည့်သွင်းရေးသားပေးပို့ထားပါသည် -

"ကယားပြည်နယ်သည် တောတောင်ရေမြေ သဘာဝအလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားပွင့်လင်းမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင် ဖြစ်ပါသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ ထိုသို့ ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန် ဖြစ်ပါသည်။"

"ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာလည်း ဒေသခံများပင် ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံတိုင်းရင်းသား အဖွဲ့အစည်းများက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့်အတွေးအခေါ် အယူအဆများဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားကို သတ်ဖြတ်ခြင်းပင် ဖြစ်ပါသည်။"

"ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့်အင်အားသည် အဓိကဖြစ်ပါသည်။ နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၏အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စုပေါင်းအားပင် ဖြစ်ပါသည်။"

ဟူ၍ ဖော်ပြထားပါသည်။

### ကယားပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ

အခမ်းအနားအစီအစဉ်အရ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ရာ ကယားပြည်နယ်နေ့ ဖြစ်ပေါ်လာပုံကိုပါ အကျဉ်းမျှ ထည့်သွင်းပြောကြားသွားခဲ့သည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလဖြစ်သော ၁၉၄၇ ခုနှစ် ဇွန်လ၌ ကျင်းပခဲ့သည့် တိုင်းပြုပြည်ပြုလွှတ်တော် ပဏာမညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တင်သွင်းမည်ဖြစ်ရာ အခြေခံဥပဒေပုဒ်မ ၁၈၀(၁)အရ ကရင်နီပြည်နယ်အားအသစ် တည်ထောင်ဖွဲ့စည်းမည့် ကော်သူလေးပြည်နယ်ကို(ကရင်ပြည်နယ်)အတွင်းသို့ ထည့်သွင်းရန်စီစဉ်ထားကြောင်း သိရှိရသဖြင့် ကရင်နီခေါင်းဆောင်များက ရန်ကုန်မြို့ကို သွားရောက်ပြီး မြန်မာခေါင်းဆောင်များနှင့် တွေ့ဆုံအရေးဆိုခဲ့ကြကြောင်း၊

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

ကရင်နီပြည်နယ်အမတ် ဦးစိန်က ၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့မှာ ကျင်းပသည့် ကရင်နီပြည်နယ်ကောင်စီ ဒုတိယညီလာခံနှင့် ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)တို့မှာ "ကရင်နီပြည်နယ်"အစား "ကယားပြည်နယ်" ဟူသည့် အမည်ကိုပြောင်းလဲရန် အဆိုတင်သွင်းခဲ့ကြောင်း၊ သည့်အတွက် ကရင်နီ အထူးစုံစမ်းရေးကော်မရှင်အဖွဲ့ ဖွဲ့စည်းကာ အစည်းအဝေးများ ကျင်းပပြုလုပ်၍ အထူး စုံစမ်းရေးကော်မရှင်က မေးခွန်းများရိုက်နှိပ်ပြီး ပြည်သူများကို ဖြန့်ဝေဖြေဆိုစေကာ ဆန္ဒရယူခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အများသဘောတူ ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းသို့ ပြည်နယ် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းမှုများကြောင့် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေ (၁၉၅၁) ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂ ပုဒ်မ ၈ အရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ကရင်နီ" ဆိုသည့် စကားရပ်ပါရှိသော နေရာတိုင်း၌ ထိုစကားရပ်အစား "ကယား" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်ဟု ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းကြိုးပမ်းမှု ဖြစ်စဉ်များကြောင့်ပင် ကယားအမျိုးသားခေါင်းဆောင်များနှင့်တကွ စောဖျာများ၊ ပြည်နယ်သူပြည်နယ်သားများ၏ဆန္ဒအရ "ကယားပြည်နယ်" ဟူ၍ ခေါ်ဆိုခွင့်ရခဲ့ကြပြီး နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့ကို "ကယားပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ကြကြောင်း၊ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် "ကရင်နီပြည်နယ်"မှ "ကယားပြည်နယ်" သို့ အမည်ပြောင်းလဲခေါ်တွင်သည့် နာမကရဏသဘင်ကို ဆင်ယင်ကျင်းပပြီးနောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားပွဲတော်ကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာ ယနေ့ဆိုလျှင်(၇၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ကယားပြည်နယ်တွင် လွိုင်ကော်၊ ဒီးမော့ဆို၊ ဘောလခဲနှင့် မယ်စဲ့ ဟူ၍ ခရိုင် လေးခရိုင်၊ မြို့နယ်ခုနစ်မြို့နယ်နှင့် မြို့လေးမြို့၊ ရပ်ကွက် ၅၆ ခု၊ ကျေးရွာအုပ်စု ၇၄ စုနှင့် ကျေးရွာပေါင်း ၅၀၆ ရွာတို့ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ကယားတိုင်းရင်းသား ၅၆ ရာခိုင်နှုန်းခန့်အများဆုံးနေထိုင်ကြလျက် ကိုးကွယ်ယုံကြည်မှုအနေဖြင့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြားဘာသာများ ကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာ ၄၉ ဒသမ ၅၇ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ၄၈ ဒသမ ၁၄ ရာခိုင်နှုန်း ကိုးကွယ်လျက်ရှိပါသည်။ ကယားပြည်နယ်တွင် ကယားမျိုးနွယ်စု (၉) မျိုးအပြင် အခြားတိုင်းရင်းသားမျိုးစုံတို့လည်း အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာဖြင့် ပူးပေါင်းနေထိုင်လျက်ရှိပါသည်။

**ပြည်နယ်သူ ပြည်နယ်သားတို့ကလည်း အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့် အတွေးအခေါ်အယူအဆများ ထပ်မံမပေါ်ပေါက်စေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ အစဉ်အမြဲ ထွန်းကားပြန့်ပွားနေစေရန် ကြိုးပမ်းတည်ဆောက်ကြရမည်**

**ကယားပြည်နယ်၏ အင်အားသည် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းအားပင်ဖြစ်သည်ကို သဘောပေါက်နားလည်ခံယူကျင့်သုံးရင်း ကယားပြည်နယ်ကြီးတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွဲဆောင်ရွက်**



ဘီလူးချောင်းနှင့် လွိုင်ကော်မြို့မြင်ကွင်း။

**ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုများချီးမြှင့်**

ဆက်လက်၍ (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲနှင့် (၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် 50 KW ဆိုလာအစုံ ၁၀၀ နှင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ပြန်ကြားရေးဝန်ကြီးဌာနက ပေးအပ်သည့် DTH စလောင်း အစုံ ၅၀ နှင့် Set Top Box အစုံ ၁၀၀ တို့ကိုလည်းကောင်း ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ဖွံ့ဖြိုးဝေစည်ကန္တာရဝတီ ဖြစ်စေဖို့**

လွိုင်ကော်မြို့သို့ ရောက်တုန်းရောက်ခိုက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုရှိ ဝန်ထမ်းများနှင့်တွေ့ဆုံခွင့်ရခဲ့သည်။ ၂၀၂၃ ခုနှစ်ထဲမှာလည်း တစ်ကြိမ်တွေ့ခဲ့သေး၏။ သို့သော် ၂၀၂၃ တွေ့ဆုံမှုနှင့် ၂၀၂၅ တွေ့ဆုံမှုအနေအထားက မတူတော့ပေ။ ရှေးယခင်နှစ်များစွာ တည်ငြိမ်အေးချမ်းသာယာခဲ့သော ကယားပြည်နယ်အတွင်း၌ ၂၀၂၁ ခုနှစ်မှစတင်ကာ နိုင်ငံရေးအမြတ်ထုတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ လက်နက်ခဲယမ်းများ ထောက်ပံ့ခြင်းများ ပြုလုပ်ခြင်းဖြင့် လူငယ်လူရွယ်များအား လမ်းမှားသို့ တွန်းပို့ခဲ့သည်။

၂၀၂၁ ခုနှစ် မေလတွင် ဒီးမော့ဆိုမြို့နယ်အတွင်း၌ အကြမ်းဖက်လုပ်ရပ်များ စတင်ပေါ်ပေါက်လာသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ဖရူဆိုမြို့၊ ၂၀၂၃ ခုနှစ် မေလတွင် ဘောလခဲမြို့နှင့် ဇွန်လတွင် မယ်စဲ့မြို့တို့၌လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ရှားတောမြို့နှင့် မတ်လတွင် ဖားဆောင်းမြို့တို့၌လည်းကောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ပြီး တိုက်ပွဲကြီးငယ်များ ဖြစ်ပွားကာ ၎င်းဒေသများရှိ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ယာယီတိမ်းရှောင်ခဲ့ရသည်။

ပြည်နယ်၏ မြို့တော်ဖြစ်သည့် လွိုင်ကော်မြို့သည် ရပ်ကွက်ကြီး ၂၃ ခု၊ ဆင်ခြေဖုံးကျေးရွာ ရှစ်ရွာတို့ဖြင့် ဖွဲ့စည်းတည်ရှိနေပြီး ပြည်သူ ၇၃၇၃၈ ဦး၊ ဌာနဆိုင်ရာ ၈၉ ခုမှ ဝန်ထမ်း ၄၉၀၀ တို့က ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်ကြရင်း ယုံကြည်ရာ ဘာသာသာသနာအသီးသီးကို ကိုးကွယ်လျက် အေးချမ်းစွာနေထိုင်လျက်ရှိကြရာမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၁ရက်နေ့တွင် အကြမ်းဖက်အဖွဲ့များ၏ အင်အားသုံးတိုက်ခိုက်ခြင်းခံရကာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည်။ ယာယီတိမ်းရှောင်ခဲ့ရမှုများကြောင့် ဝန်ထမ်း ၉၃၃ ဦး၊ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာငါးရွာတွင် ပြည်သူ ၁၀၂၅၀ သာကျန်ရှိကြောင်း သိရသည်။ ဌာနဆိုင်ရာရုံးအဆောက်အအုံ ၇၃ ခု၊ ဝန်ထမ်းအိမ်ရာ ၂၉၇ ခု၊ အခြားအဆောက်အအုံ ၁၆၄ ခု၊ ယာဉ်/ ယန္တရားများ၊ လယ်ယာသုံးစက်ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းများ၊ လူနေရပ်ကွက်များအတွင်းမှ ဒေသခံများ၏ နေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရကာ စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးအနေဖြင့် ၄၈ ဘီလီယံကျော် ရှိခဲ့သည်။

ယခုအခါ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကယားပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲ၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ပြန်လည် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ကုန်စည်စီးဆင်းမှုလမ်းကြောင်းများ ပြန်လည်ပွင့်လာခဲ့ပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အထိုက်အလျောက်ရရှိနေပြီဖြစ်သည်။ ကယားပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများ မူလလုပ်ငန်းတာဝန် ပြန်လည်ထမ်းဆောင်နိုင်ရေး၊ ပြည်သူများ မိမိတို့နေအိမ်တွင်ပြန်လည်အခြေချနေထိုင်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့အထိ ဌာနဆိုင်ရာ ၈၉ ခုမှ ဝန်ထမ်း ၃၉၄၈ ဦး (၅၉ ဒသမ ၆၃ ရာခိုင်နှုန်း) ပြန်လည်တာဝန်ထမ်းဆောင်နေကြပြီး ပြည်သူလူထုအနေဖြင့်လည်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်း၌ လူဦးရေ ၄၅၈၈၆ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၆၂ ဒသမ ၂၃ ရာခိုင်နှုန်း ပြန်လည်ဝင်ရောက်နေထိုင်နေပြီဖြစ်သည်။

**ကယားပြည်နယ်သားတို့အတွက် အမျိုးသားရေးတာဝန်**

ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဝန်ထမ်းများကို တိုက်တွန်းမှာကြားခဲ့သည်။ ပြည်နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား(MSME) လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများစွာ ရှိနေပါသေးသည်။ ပြည်နယ်သူ ပြည်နယ်သားတို့ကလည်း အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့် အတွေးအခေါ်အယူအဆများ ထပ်မံမပေါ်ပေါက်စေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်နေစေရန်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ အစဉ်အမြဲ ထွန်းကားပြန့်ပွားနေစေရန် ကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်သည်။ ကယားပြည်နယ်၏ အင်အားသည် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းအားပင်ဖြစ်သည်ကို သဘောပေါက်နားလည်ခံယူကျင့်သုံးရင်း ကယားပြည်နယ်ကြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# ကျောက်ဆည်ခရိုင်အတွင်း နေလှည့်သီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်ခရိုင်သည် အပူပိုင်းဒေသဖြစ်သည့်အတွက် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သော နေလှည့်ပင်များသည် ယခင်က အလေ့ကျပေါက်ရောက်ပြီး ယခုအခါတွင် တောင်သူများမှ မြေလွတ်မြေရိုင်းများပေါ်တွင် စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

နေလှည့်ပင်များကို ဩဂုတ်လတွင် စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ယက်၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ကေလျှင် မျိုးစေ့ သုံးပြည်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်း၊ နေလှည့်သီးများ ရင့်မှည့်ချိန်တွင် အပင်အောက်ခြေမှ အကိုင်းများကို ခုတ်ယူ၍ အကိုင်းများမှ အသီးများကို တုတ်ဖြင့် ရိုက်ခြွေရကြောင်း၊ နေလှည့်ပင် စိုက်ပျိုးမှုတွင် ကနဦးစိုက်ပျိုးသည့် စရိတ်သာ ကုန်ကျပြီး ကျန်နှစ်များတွင် အဆိုပါအငုတ်များမှ ပြန်လည်ထွက်လာသည့် အတက်မှ နေလှည့်သီးများကို ထပ်မံရယူရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် နေလှည့်စေ့ ၆-၇ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် နေလှည့်စေ့များကို ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့တို့သို့ တင်ပို့ကြောင်း၊ နေလှည့်စေ့ကို ကြိတ်ခွဲ၍ အဆီထုတ်ကာ တိုင်းရင်းဆေးအဖြစ် အသုံးပြုကြောင်း၊ နေလှည့်ပင်သည် မြေလွတ်မြေရိုင်းများတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရသဖြင့် ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေများစွာရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)



## မုံရွာမြို့နယ်အတွင်း ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး ပဲ၊ ပြောင်း၊ နှမ်း စသည့်သီးနှံများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးနှံကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ရုံးပတီသီးနှံကို စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများဟူ၍ရှိပြီး ပင်မြင့်ရုံးပတီမျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ တစ်ကေလျှင် မျိုးစေ့ ၁၂ ထုပ်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို တစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး သက်တမ်းအနေဖြင့် နှစ်လခန့်အထိ ခူးဆွတ်ရကြောင်း၊ မြေအမျိုးအစား၊ သီးနှံအောင်မြင်ဖြစ်ထွန်းမှုနှင့် သွင်းအားစု သုံးစွဲမှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ ရုံးပတီသီးနှံသည် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အမြတ်ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (စစ်ကိုင်း)

## မုံရွာမြို့နယ်၌ ခရမ်းချဉ်သီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ရ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ဖုံတို၊ ဘုမ္မနိုးကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ နှမ်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ဂျုတ်စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးကြ၍ စားဖိုဆောင်သီးနှံဖြစ်သည့် ခရမ်းချဉ်သီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ခရမ်းချဉ်သီးနှံကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးပြီး နှစ်လခန့်အကြာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် အသီးများ ခူးဆွတ်ရောင်းချရကြောင်း၊ ထိုင်ဝမ်မျိုးများကို စိုက်ပျိုးပြီး တစ်ကေလျှင် မျိုးစေ့ ခြောက်ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကို ပျိုးပေါင်ဖြင့် ပျိုးထောင်ပြီး ပျိုးပင်တစ်လသားအရွယ်ခန့်တွင် စတင်စိုက်ပျိုးရကြောင်း၊ ခရမ်းချဉ်သီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုး၍ မျိုး၊ မြေပြုပြင်ခ၊ ရေတင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၂ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ခရမ်းချဉ်သီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ခူးဆွတ်ချိန်တွင် ပိဿာချိန် ၃၅၀-၄၀၀ ခန့် ထွက်ရှိ၍ တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်းပိုမိုလာကြောင်း၊ ခရမ်းချဉ်သီးနှံကို စတင်ခူးဆွတ်ချိန်မှ သီးနှံကုန်ချိန်အထိ တစ်ကေလျှင် စုစုပေါင်းအထွက်နှုန်းမှာ ပိဿာချိန် ၄၀၀၀-၅၀၀၀ ခန့်ထွက်ရှိရာ စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ရောင်းချသည့်အပြင် မုံရွာမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြရာ တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)



## ဆိပ်ဖြူမြို့နယ်၌ ပဲစောင်းလျားသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ပဲစောင်းလျားသီးနှံကို စီးပွားဖြစ် စိုက်ပျိုးလာကြပြီး အောက်တိုဘာလတွင် စိုက်ပျိုး၍ ဒီဇင်ဘာလတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ထိုင်ဝမ်မျိုးများကို မြေအောက်ရေတင်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ မြေအမျိုးအစား၊ သီးနှံအောင်မြင်ဖြစ်ထွန်းမှုနှင့် သွင်းအားစုသုံးစွဲမှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့နှင့် ချောက်မြို့တို့ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပဲစောင်းလျားသီးနှံများ အထွက်နှုန်း ကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။

DOCA (မကွေး)

## ၂၂-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ဂျုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၀၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၄၅၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၅ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၇၀၀၀ | ၄၄၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၉၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၁၅၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၃၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၄၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၉၇၅ | ၁၅၆၀၀ | ၄၀၀၀ | ၁၆၄၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၈၅၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၇၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၉၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇန်နဝါရီ  ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၉၀၈၈၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၇၃၀၆၁၁) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၁၉၁၁၉) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်သွင်းကုန်၌ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၄၇၉၀) ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ မန္တလေးမြို့သို့ သွားရောက်မည့်မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၇၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၅၉၆၂၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၃၆၄၉၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဖားကန့်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၃၄၄၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ် စစ်ဆေးရေးစခန်း၌ ကျောက်ပန်းတောင်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၈၃၈၄၉) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၁၈၃၂၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၀၆၀ တန်၊ သစ်မာ ၀ ဒသမ ၀၉၃ တန်၊ အခြားသစ် ၀ ဒသမ ၉၂၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၇၂၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၄၂၅၉၉၇) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အုတ်ဖိုမြို့နယ်၌ မော်တော်ဆိုင်ကယ် အခြေခံပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**အုတ်ဖို ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဟသ်ာရွှေမြေ သစ်သီးဝလံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ၊ တိုင်းဒေသကြီး အလုပ်သမား အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ဇန်နဝါရီ ၂၀ ရက်က အုတ်ဖိုမြို့နယ် မကျီးပင်ကျေးရွာ၌ မော်တော်ဆိုင်ကယ် အခြေခံပြုပြင် ထိန်းသိမ်းနည်းသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲ ကျင်းပသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး) ကျောင်းအုပ်ကြီး ဦးအောင်နိုင်စိုး က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကာ ကျွမ်းကျင်ဆရာများက စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## မိုးနဲမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**မိုးနဲ  ဇန်နဝါရီ  ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဝမ်ယေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးကျော်အောင်အောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျက်စီးစေခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဝိုင်းဝန်းစောင့်ရှောက်ကြရေး၊ ရေးသယံဇာတထိန်းသိမ်းရေးတို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## လှိုင်လင်မြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**လှိုင်လင်  ဇန်နဝါရီ  ၂၂**

လှိုင်လင်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လှိုင်လင်-လှိုင်မုံမိုင်းလမ်း ကတ္တရာခင်းခြင်း (၀/၃ ဒသမ ၂၂)မိုင်၊ ပင်လုံ-မက္ကန်းလန်းလမ်း ကျောက်ချောလမ်းခင်းခြင်း (၀/၇)မိုင်နှင့် ကောင်းမှုဂုဏ်စေတီမှ ပန်အွတ်ရွာသွားလမ်း ကျောက်ချောလမ်းခင်းခြင်း (၀/၅) မိုင်တို့ကို တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးဝင်းကျော်မျိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးဝင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးရာ ဌာနမှတာဝန်ရှိသူများနှင့် တင်ဒါအောင်မြင်ခဲ့ကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။

**လှိုင်လင်မိုး**

လမ်းလျှောက်ရင်း
ဆေးလိပ်မသောက်ပါနှင့်

## ပုသိမ်မြို့ ဈေးများအတွင်း မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**ပုသိမ်  ဇန်နဝါရီ  ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၁ ရက်က ရွှေပြည်သာဈေးနှင့် မြို့မဈေးတို့၌ ကွင်းဆင်း ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုး ဦးဆောင်သည့် ဝန်ထမ်းများက မီးစနစ်တကျသုံးစွဲစေရေး၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုနှင့် မီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများ အသင့်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

**ခရိုင်(ပြန်/ဆက်)**



## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်- ၅၊ နည်းဥပဒေ -၂၀)
## မိတ္ထီလာမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၀၀၄

ဒေါ်နုနုခိုင် နှင့် ဦးကျော်ဝင်းနိုင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ၊ မြို့သစ် (၁)နေ (ဘ) ဦးအေး၏သားဖြစ်သူ တရားပြိုင် ဦးကျော်ဝင်းနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုဖြစ်သူ ဒေါ်နုနုခိုင်က အကြင်လင်မယားအရာမှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် (၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုးနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မိတ္ထီလာမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လေးတိုင်စင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မဖြူဖြူတင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၈/မသန(နိုင်)၀၈၄၅၅၁ ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၆)အောင်မြေသာရပ်မှ ဦးညိုဌေး၏သမီး မအေးအေးမိုး၏ မွေးသက္ကရာဇ် အမှန်မှာ (၂၈-၂-၂၀၀၆)ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အမက (၃)တွင် မူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ဥမ္မာ (၉/မမန(နိုင်)၀၄၃၄၉၆)၏ ဖခင်ဖြစ်သူအမည်မှန်မှာ ဦးဘင်းဗဟာဒူးနှင့် ဦးဗင်းဗဟာဒူးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘင်းဗဟာဒူး(ခ)ဦးဗင်းဗဟာဒူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အိမ်အမှတ်(၁၉၇)နေ ဦးကြီးငွေ၏ သမီးဖြစ်သူအမည်မှာ မမြတ်စုလှိုင်နှင့် မစုစုလှိုင် ၁၄/ဓနဖ(နိုင်)၁၄၈၈၄၃မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မမြတ်စုလှိုင်(ခ)မစုစုလှိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် (၅၀)နေ မအိအိစိုး ၁၂/သဃက(နိုင်) ၁၉၈၂၇၇ ၏ ဖခင်အမည်မှန်မှာ ဦးအုန်းသန်းဖြစ်ပြီး ဦးအုန်းသန်း ၁၄/ဒဒရ(နိုင်) ၁၃၆၈၇၈ နှင့် ဦးအုံးသန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။




## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်အမှတ် (၃၀၈)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်သူဇာ၊ ဒေါ်မူယာတို့မှ သက်တမ်းတိုးအမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာ မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး၊ အမည်ပြောင်း မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပဲခူးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/9231 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကညန ၊ခရိုင်ရုံး (မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သီရိလမ်း၊ အကွက်အမှတ်(၂၁၊ ဗိုလ်တဲကွက်)၊ ဦးပိုင်အမှတ် (၆/ဠ/၁)ဟုခေါ်တွင်သော ဂရန်အမှုတွဲအမှတ်-RPNO-၂၇၂/V/ ၂၀၁၇-၂၀၁၈ အရ ဒေါ်ခင်အေးမာ အမည်ပေါက် ဧရိယာ(၀ဒသမ၀၆၂)ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းတို့၏ အကျိုးခံစားခွင့် အရပ် ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဖြစ်သော ဒေါ်ခင်အေးမာ(ဘ)ဦးစောညွန့် ၁၂/သလန(နိုင်)၀၁၇၇၈၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးဇော်ဝင်း (ခ) ဂျလာလူ(ဘ)ဦးဘရှသင်း ၁၂/ပဇတ(နိုင်) ၀၀၁၈၄၄ ကပြန်လည်ဝယ်ယူရန်အတွက်၎င်းတို့အားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို ဝယ်သူထံ အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)** **(စဉ်-၅၂၀၆၄)**
**(စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃-ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်-၁၀၉/၁၁၁ ဟုခေါ်တွင်သော မြေပေါ်ရှိ (၃) ခန်းတွဲ (၃) ထပ်တိုက်၏ မြေညီထပ်၊ (တိုက်ရှေ့မှ မျက်နှာမူလျှင် ဘယ်ဖက်ခန်း)၊ အကျယ် (၁၅' x ၆၀') ရှိ တိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင်များဖြစ်သော ဒေါ်အေးအေးမြင့် (PBDN-၀၀၂၃၁၆)၊ ဦးခင်မောင်မြင့် (PBDN-၀၀၄၇၇၆)၊ ဦးတင်မောင်မြင့် (၁၂/ပဘတ(နိုင်)၀၀၈၂၉၄၊ ဒေါ်နွယ်နီမြင့် (PBDN - ၀၀၄၇၇၇)တို့ထံမှ (၂၀-၈-၁၉၉၉) ရက်စွဲပါ **"တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"** အရ ဦးထွန်းကြွေနှင့် ဒေါ်ညိုညိုအေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖခင်ဦးထွန်းကြွေနှင့် မိခင်ဒေါ်ညိုညိုအေးတို့ကွယ်လွန်သဖြင့် တရားဝင်ဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်သည့် (၁) ဦးဟိန်းဟိန်း(၁၂/ပဘတ (နိုင်)၀၁၅၉၂၉)၊ (၂) ဒေါ်ခင်မမပြုံး (၁၂/ပဘတ (နိုင်)၀၁၃၇၂၀)တို့မှ အမွေဆက်ခံပိုင်ဆိုင်၍လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသောရောင်းဖိုးငွေ အနက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၆)လမ်း၊ မြေကွက်အမှတ်(ဘီ-၄၇)မြေကွက်၏ စာရွက်စာတမ်း မူရင်းနှင့်မိတ္တူများ ပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

**ဦးစိုးသီဟ(ဘ)ဦးကြိုင် ၈/တတက(နိုင်)၀၉၉၈၁၈၏လွှဲအပ်ညွှန်ကြားချက်အရ-**

(၁၂-၈-၂၀၂၄)ရက်တွင် ရောင်းချသူ ဦးမြတ်မင်းဟိန်းထံမှ ဝယ်ယူသူ ဦးစိုးသီဟသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၆)လမ်း၊ မြေကွက်အမှတ်(ဘီ-၄၇)၊ အလျား x အနံ (၄၀ x ၆၀) ပေ အကျယ်ရှိ ဦးနိုင်မာသိန်း အမည်ပေါက် မြေကွက်အနက် အလျား x အနံ (၂၀ x ၆၀)ပေအကျယ်ရှိ (တောင်ဘက်ခြမ်း)(စလစ်)မြေကွက်အား နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသီဟသည် (၂၀-၁-၂၀၂၅)ရက်က YBS-78 ယာဉ်ပေါ် စီးနင်းလိုက်ပါလာချိန်တွင် အထက်ပါမြေကွက်၏ စာရွက်စာတမ်းမူရင်းနှင့် မိတ္တူများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပို့ပါရန်နှင့် မသမာသော နည်းလမ်းတစ်မျိုးမျိုးဖြင့် ပြုမူဆောင်ရွက်ခဲ့သည်ရှိသော် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)** **(စဉ်-၅၂၀၆၄)**
**(စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ မြောက်ကုန်းရပ်ကွက်နေ မောင်မြတ်မင်းစံ၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းဇော် ၈/ခမန(နိုင်)၁၂၁၄၉၁ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁-၂၀၂၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၂)ပါ ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ကြော်ငြာတွင် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကိုဝင်း အစား ဦးအောင်ကိုမင်းဟုလည်းကောင်း၊ အလျားxအနံပေ (၂၀x၆၀) ပေအစား အလျားxအနံ (၁၀x၆၀) ပေဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးဟန်ဝင်းအောင် ၉/မရတ(နိုင်)၀၅၈၀၈၄ (ဘ)ဦးဟန်ကြည် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက် အမှတ် (ပ-၁၆၉၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂၈/၂၀၂၂ (၁၅-၁၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးတေဇအောင် ၇/ပမန(နိုင်)၁၂၇၂၄၉ (ဘ) ဦးဖြိုးဝေမှ ဒေါ်သိန်းသိန်းအေး ၅/ကလတ(နိုင်) ၁၂၆၄၇၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁၄)၊ ဦးပိုင်အမှတ် (၁၉)၊ ၆၀လမ်း၊ ၁၁၅(A)x၁၁၆ လမ်းကြားရှိ ဒေါ်အေးမှန် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၇၆၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သားဖြစ်သူ ဦးလှမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၆၆၃/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးအိုက်လူး ၁၃/လရန(နိုင်)၀၇၈၁၅၀က အမှုတွဲအမှတ် (၆၁၀၆/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/53204, Dayang 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ ၁၄/ပသန(နိုင်) ၁၈၉၆၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ် (၅၀၉)၊ ဦးပိုင်အမှတ် (၁၅-ခ)၊ ၈၄x၈၅ ကြား၊ ဘုရားကြီးအနောက်မုခ်လမ်းမြောက်ဘက်ရှိ ဒေါ်စောရင်၊ ဒေါ်ချိုချိုထွန်း၊ ဦးလှမျိုး၊ ဒေါ်အေးအေးကြူ၊ ဒေါ်တင်တင်အေးတို့ အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၁၄၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ပူးတွဲအမည်ပေါက် ဒေါ်ချိုချိုထွန်း ၉/မရတ(နိုင်)၀၂၃၀၅၀၊ ဒေါ်အေးအေးကြူ ၉/မရတ(နိုင်)၀၂၃၀၅၁၊ ဒေါ်တင်တင်အေး ၉/မရတ(နိုင်)၁၁၉၆၉၄တို့က အမှုတွဲအမှတ် (၆၁၀၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ဝ-၁၀)၊ ဦးပိုင်အမှတ်(၇၉-က)၊ ၆၄(A)လမ်း၊ ၁၁၄(A)x၁၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်ဖြူဖြူဟန်၊ ဦးနေလင်း၊ ဦးကျော်ဇေယျ၊ ဒေါ်မိမိဟန်တို့ (၄)ဦးအနက် ဦးနေလင်း၊ ဦးကျော်ဇေယျတို့ထံမှ စွန့်လွှတ်စာချုပ်အမှတ် (၃၆၇၁/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံခဲ့သောဒေါ်ဖြူဖြူဟန် ၉/မရမ(နိုင်) ၀၀၈၄၃၅၊ ဒေါ်မိမိဟန် ၉/ခအဇ(နိုင်)၀၀၁၀၁၁တို့က အမှုတွဲအမှတ်(၆၁၀၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/68068, Honda Dream 1000 MS M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော် ၁၄/ဖပန(နိုင်) ၀၉၁၃၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/59052, Dyang -110, ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းချို ၉/တသန(နိုင်)၁၁၂၂၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

